Changing the world
with **women and girls**
actionaid




# ရှေ့ဆောင်လမ်း ပြခြင်း

## ဖိုးမီးနစ်အမြင်ရှုထောင့်မှ သုံးပွင့်ဆိုင်မှုဘောင်အား နားလည်ခြင်း

# မာတိကာ


## သုတေသနအနှစ်ချုပ် ..... 3

## ၁။ မိတ်ဆက် ..... 5

၁.၁။ နောက်ခံသဘောတရား ..... 5

၁.၂။ သုတေသနနည်းနာ နှင့် သုတေသနချဉ်းကပ်မှု ..... 9

## ၂။ သုတေသနတွေ့ရှိချက်များ ..... 10

၂.၁။ ဂျန်ဒါတန်းတူညီမျှမှုရှိစေရန် မူဝါဒ နှင့် စနစ်ဆိုင်ရာ အခြေပြု ပြောင်းလဲမှု အစီအစဉ်များသည် ပဋိပက္ခ နောက်ခံအခြေအနေရှိသည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ မညီမျှမှုများကို ချေဖျက်ပေးပြီး၊ ပေါင်းစပ်ပါဝင် သည့် သုံးပွင့်ဆိုင်မူဘောင်ကို အထောက်အကူပြုပေးနိုင်ခြင်း ..... 10

၂.၂။ သုံးပွင့်ဆိုင်မူဘောင်အား လက်တွေ့အကောင်အထည် ဖော်ခြင်း ..... 13

၂.၃။ ရေရှည်တည်တံ့ခိုင်မာသည့် အပြောင်းအလဲ နှင့် အဓိပ္ပါယ်ပြည့်ဝသော မိတ်ဖက်ပြုမှုများအတွက် နည်းလမ်းများ ရှာဖွေခြင်း ..... 17

## ၃။ နိဂုံး နှင့် အကြံပြုချက်များ ..... 22

## ကိုးကားချက်များ ..... 26

# သုတေသနအနှစ်ချုပ်

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ အလှူရှင်များအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များကို ကွဲပြားခြားနားသော လုပ်ငန်းစဉ်များအဖြစ် အစဉ်အလာအားဖြင့် ရှုမြင်သုံးသပ်ခဲ့ကြပြီး၊  ပဋိပက္ခနှင့်ဆက်စပ်ပေါ်ပေါက်သည့် လတ်တလော လိုအပ်ချက်များကို ရေရှည်ငြိမ်းချမ်းရေး တည်ဆောက်ခြင်း နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့် ကဏ္ဍများအဖြစ် လည်း ယူဆခဲ့ကြသည်။ လက်တွေ့တွင်မူ အဆိုပါ ကဏ္ဍများသည် အမှီသဟဲ ပြုလျက်ရှိကြပြီး ရေရှည်တည်တံ့ ခိုင်မြဲခြင်း နှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရာတွင်လည်း အပြန်အလှန် အထောက်အကူပြုလျက် ရှိသည်။[1]

လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း တို့ကြားတွင် သီးခြား ခွဲ၍ လုပ်ဆောင်ခြင်းသည် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ကဏ္ဍများတွင် အချိန်ကာလ ကြာမြင့်စွာ စောင့်ဆိုင်းနေကြရသည့် အကူအညီလိုအပ်နေသူများအတွက် လွှမ်းခြုံ၍ ထောက်ပံ့မပေးနိုင်ပေ။[2] ကြာရှည်သော ပဋိပက္ခများ တိုးပွားလာသည်နှင့်အမျှ အရေးပေါ် ထောက်ပံ့ ကူညီမှုများသည်လည်း ပို၍ ရှုထောင့်များ စုဆုံလာကာ၊ ရှုပ်ထွေးလာသည်ကို ပို၍ ထင်ထင်ရှားရှားတွေ့လာရသည်။

လူသားချင်းစာနာထောက်ထားမှု-ဖွံ့ဖြိုးရေး-ငြိမ်းချမ်းရေး သုံးပွင့်ဆိုင် မူဘောင် သဘောတရား (ဤနောက်တွင် သုံးပွင့်ဆိုင်မူဘောင်ဟု ခေါ်သည်။) ပေါ်ထွက်လာခြင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး စနစ်အား ပိုမို ထိရောက်ပြီး  အကျိုးသက်ရောက်မှု များစေမည့် မူဘောင်ဆိုင်ရာ အပြောင်းအလဲအဖြစ် ထင်ရှားစွာ သတ်မှတ်နိုင်သည်။ ကာလကြာရှည်စွာ ရှိနေခဲ့သည့် သီးခြားဖြစ်တည်လျက်ရှိသော လူသားချင်းစာနာမှုဆိုင်ရာ ချဉ်းကပ်မှုများသည် ဖွံ့ဖြိုးမှု၊ လူသားချင်းစာနာထောက်ထားမှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအကြားရှိ ဖန်တီးတည်ဆောက်ထားသော ကွဲပြားချက်များကို အားဖြည့်နေသည် ဖြစ်ရာ သုံးပွင့်ဆိုင်သဘောတရားအရ ပဋိပက္ခများ၏ အခြေခံရင်းမြစ်များကို အာရုံစိုက်ကာ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်တိုးတက်စေမည့် ဖြေရှင်းချက်များကို ဖြစ်ပေါ်စေခြင်းဖြင့် အဆိုပါသီးခြားကွဲပြားမှုများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းချက် ဖြစ်သည်။

ထို သုံးပွင့်ဆိုင်မူဘောင်၏ မျှော်ရည်ချက်များ၊ ရည်မှန်းချက်များကို ပြည့်ပြည့်ဝဝ ထင်ဟပ်နိုင်မည့် ချဉ်းကပ်မှုနည်းလမ်းများကို အကောင်အထည်ဖော်ရန် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပျက်ကွက်လျက်ရှိ ပြီး၊ ထိုအခြေအနေအတွင်း၌ ဂျန်ဒါ အမြင်ရှုထောင့်များသည်လည်း ကြီးမားစွာ ကွယ်ပျောက်လျက်ရှိသည်။ သုံးပွင့်ဆိုင်မူဘောင် ချဉ်းကပ်မှုသည် ခိုင်မာအားကောင်းသည့် သက်သေဖြစ်ရပ်များကို အခြေပြုထား ခြင်းမရှိသေးသည့် အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ထို သုံးပွင့်ဆိုင်မူဘောင်ကို လက်တွေ့ တွင်မည်သို့ လုပ်ဆောင်ရမည်ကို ခက်ခဲစွာ ကျော်ဖြတ်နေရသည်။[3]

ထိုပြောဆိုဆွေးနွေးချက်အများစုသည် အလှူရှင်များနှင့် လူသားချင်းစာနာမှုဆိုင်ရာ အေဂျင်စီများ၏ အမြင်ရှုထောင့်များ၊ အတွေ့အကြုံများအပေါ်တွင် အခြေခံထားကြပြီး၊ ဒေသခံ ပါဝင်ပတ်သက်သူများ၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် အဓိကကျပြီး ၊ ၎င်းဆုံးဖြတ်ချက်များ၏ အဓိက သက်ရောက်ခံရသူများဖြစ်သည့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများ၏ အမြင်ရှုထောင့်များ၊ အတွေ့အကြုံများပေါ်တွင် အခြေခံထားခြင်း မရှိပေ။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများ နှင့် အလှူရှင်များ အနေဖြင့် သုံးပွင့်ဆိုင် မူဘောင် ချဉ်းကပ်မှုကို လက်တွေ့ ကျင့်သုံးရန် နှေးကွေးနေစဉ်တွင် လူသားချင်းစာနာမှုဆိုင်ရာ အရေး အပေါ်အခြေအနေများတွင် ရှေ့တန်းမှ ဆောင်ရွက်နေကြသည့် အမျိုးသမီးအဖွဲ့အစည်းများသည် ၎င်းတို့၏ အရေးပေါ် အခြေအနေဆိုင်ရာ လှုပ်ရှားမှုများတွင် ဖော်ပြပါ ကွဲပြားမှုကို ကျော်လွှား၍ ဆောင်ရွက်နေကြသည်။ သို့သော် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုခြင်း မခံရသေးပေ။[4]

အမျိုးသမီးများ၊ အမျိုးသမီးငယ်များ[5]အား အပြောင်းအလဲအတွက် ကြိုးပမ်းလှုပ်ရှားသူများဟု ရှုမြင်ရမည့်အစား ပဋိပက္ခ၏ သားကောင်များ၊ ပဋိပက္ခ နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအား ဘေးမှ ရပ်ကြည့်သူများအဖြစ် ရှုမြင်ခံရခြင်းသည် လူသားချင်းစာနာထောက်ထားမှု ကဏ္ဍအတွင်း ကျယ်ကျယ်ပြန့်ပြန့် နေရာယူထားသည့် လက္ခဏာတစ်ရပ်အဖြစ် ရှိနေသည်။

ဤသုတေသနသည် အဆိုပါ ကွက်လပ်ကို ဖြည့်ဆည်းရန် ရည်ရွယ်ပြီး၊ ရှုမြင်မှုအသစ်များကို ဖော်ထုတ်ရန် ဖြစ်သည်။ ထိုသို့ ဖော်ထုတ်ရာတွင် ဆိုမာလီ၊ မြန်မာ၊ လက်ဘနွန် နှင့် ပေါတီ နိုင်ငံများတွင် အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ကြသည့်အခါ အမျိုးသမီးများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများအနေဖြင့် သုံးပွင့်ဆိုင်မူဘောင်နှင့် စပ်လျဉ်း၍ လုပ်ဆောင်ကြရာတွင် ရရှိလာသည့် အတွေ့အကြုံများကို အခြေပြု၍ ဖော်ထုတ်မည် ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများအနေဖြင့် သုံးပွင့်ဆိုင် မူဘောင်ကဏ္ဍတွင် မည်သို့ လုပ်ဆောင်ကြသည်ကို လေ့လာမည်ဖြစ်ပြီး၊



၂၀၂၂ ခုနှစ် မိုးခေါင်ရေရှားမှုကို တုံ့ပြန်သည့် ဆိုမာလီနိုင်ငံ ဆာတီလီ ကျေးရွာတွင် စားနပ်ရိက္ခာ ကူညီရေး (၂၀၂၂)

Photo: Khadija Farah/ActionAid

ထိုကဏ္ဍတွင် ပါဝင်သည့် ကဏ္ဍတစ်ခုချင်းစီနှင့် ပတ်သက်သည့် ၎င်းတို့၏ အမြင်များကိုလည်း စူးစမ်းမည်ဖြစ်သည်။ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အဆိုပါ ချဉ်းကပ်မှုများထံမှ မည်သို့ လေ့လာနိုင်သည်ကို ရှာဖွေမည်ဖြစ်ပြီး၊ ထိုသို့ ရှာဖွေခြင်းအားဖြင့် တည်ဆောက်မှုဆိုင်ရာ မညီမျှမှုများ၏ အရင်းခံပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင် ရန်အတွက် လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမို၍ ရေရှည်တည်တံ့သော တုံ့ပြန်ဆောင်ရွက်ချက်များကို မည်သို့ ဦးတည်နိုင်မည်ကို ဖော်ထုတ်မည် ဖြစ်သည်။

သုတေသန တွေ့ရှိချက်အရ သုံးပွင့်ဆိုင်မူဘောင်နှင့် ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်းအတွင်း လက်တွေ့ဆိုင်ရာ စိန်ခေါ်ချက်များကို ရင်ဆိုင်နေရချိန်တွင် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများတွင် သုံးပွင့်ဆိုင် မူဘောင်ကို အရေးပေါ်ကယ်ဆယ်ရေး လုပ်သားများအဖြစ်သာမက၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကကျသည့် အပြောင်းအလဲ ဖော်ဆောင်သူများအဖြစ်ပါ ဆောင်ရွက်နေကြပြီဖြစ်သည်။

ဤသုတေသနတွင် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများ၏ သုံးပွင့်ဆိုင်မူဘောင်၌ ဖီးမီးနစ် ရှုထောင့်ကို ထည့်သွင်းခြင်း၏ အဓိပ္ပါယ် သက်ရောက်မှုနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ရယူထားသည်။ ဤသုတေသနတွင် အဓိကကျသည့် တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ဖော်ထုတ်ထားသည်။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာအသိုက်အဝန်းသည် ဒေသခံအမျိုးသမီးဦးဆောင်သည့် အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုများကို အားပေးထောက်ပံ့ရန် လိုအပ်ပြီး၊ အရေးအပေါ်အခြေအနေ ဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံး နားလည်သည့် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများအား ပါဝါ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အထောက်အပံ့များကို လွှဲပြောင်းပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

## အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ

**1** ဂျန်ဒါတန်းတူညီမျှမှုရှိစေရန် မူဝါဒ နှင့် စနစ်ဆိုင်ရာ အသွင်ပြောင်းလဲမှု အစီအစဉ်များသည် မညီမျှမှုများကို ဖော်ထုတ်ဖြေရှင်းရာတွင် ပထမ အဆင့်ဖြစ်ပြီး၊ သုံးပွင့်ဆိုင်မူဘောင် ချဉ်းကပ်မှုနှင့် ပေါင်းစပ် အသုံးပြုရန် လိုအပ်သည်။ လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းစဉ်များ၏ အဆင့်များအားလုံးတွင် ကျယ်ပြန့်သည့် ဂျန်ဒါ နှင့် ပဋိပက္ခ ဆိုင်ရာ ဆန်းစစ်သုံးသပ်မှု များကို လုပ်ဆောင်ရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် အရေးဆိုတိုက်တွန်းမှုများ၊ မူဝါဒဆိုင်ရာ တည်ဆောက်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်များ အားလုံးတွင် အမျိုးသမီးများအားကာကွယ်စောင့်ရှောက်မှုများနှင့် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်မှု မြှင့်တင်ရေးအစီအမံ များကို ပေါင်းစပ်ထည့်သွင်းရန် လိုအပ်သည်။

---

**2** သုံးပွင့်ဆိုင် မူဘောင်ကို လုပ်ဆောင်လျက်ရှိသည့် အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး၊ ၎င်းတို့၏ ဦးဆောင်မှုကို အထောက်အကူပြုပေးခြင်းအားဖြင့် ပိုမိုထိရောက်သော လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်များကို မြှင့်တင် ပေးနိုင်မည် ဖြစ်သည်။ အလှူရှင်များ နှင့် နိုင်ငံတကာမှ လူသားချင်းစာနာမှု ဆိုင်ရာ အသိုက်အဝန်း အနေဖြင့် အမျိုးသမီးအခွင့်အရေး အဖွဲ့များ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့များအား နိုင်ငံတကာ အဆင့် ဆွေးနွေးမှုများတွင် ပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးသင့်ပြီး၊ ရေရှည် နှင့် စဉ်ဆက်မပြတ် ဖြစ်စေမည့် အခွင့်အလမ်းများအတွက် စွမ်းဆောင်ရည်များ တည်ဆောက်ရာတွင် မြှုပ်နှံသင့်သည်။ အမျိုးသမီး အခွင့်အရေး အဖွဲ့များ၊ အမျိုးသမီးဦးဆောင်သည့် အဖွဲ့များ၏ ယုံကြည်ရမှု နှင့် ဩဇာသက်ရောက်နိုင်မှု တို့ကိုလည်း လေးစားသင့်ပါသည်။

---

**3** အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများနှင့် အဓိပ္ပါယ်ပြည့်ဝသော မိတ်ဖက်တည်ဆောက်မှုများ၊ ၎င်းတို့အတွက် သီးသန့်ရန်ပုံငွေ ထားရှိဆောင်ရွက်ခြင်း များသည် သုံးပွင့်ဆိုင်မူဘောင်ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရာတွင် အလွန် အရေးကြီးပါသည်။ ယင်းတို့တွင် ရေရှည်တွင် လိုက်လျောညီထွေရှိသောရန်ပုံငွေ/ငွေကြေးထောက်ပံ့မှု စနစ်များ၊ ငွေကြေးထောက်ပံ့မှု တောင်းခံရာ၌ ရှင်းလင်းသည့် သတ်မှတ်ချက်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း များတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် သင့်လျော်သော စိန်ခေါ်ချက်ဆိုင်ရာ တွက်ချက်မှု အခြေပြုဇယားများ ပါဝင်မည် ဖြစ်သည်။

# ၁။ မိတ်ဆက်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများ ကြားမှ ဆက်စပ်မှု နှင့် အဆိုပါကဏ္ဍများရှိ လုပ်ငန်းစဉ်များကို မတူကွဲပြားသော ပါဝင်သူများက မည်သို့ ပါဝင်လုပ်ဆောင်နေကြသည်ကို ဖော်ပြသည့်အခါ သုံးပွင့်ဆိုင်မူဘောင်ဟု သုံးနှုန်းခေါ်ဆိုကြသည်။ ပြီးခဲ့သည့် နှစ်များအတွင်း လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းစဉ်များသည် ကြိုတင်ပြင်ဆင်မှု၊ ရေရှည်တည်တံ့မှု နှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ ရှုထောင့်များကို သိမ်မွေ့စွာ ထည့်သွင်းစဉ်းစားခဲ့သော်လည်း၊ လက်တွေ့တွင်မူ ညီညွတ်စွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူများ၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် လုပ်ဆောင်လျက်ရှိကြသည့် ပါဝင်လုပ်ဆောင်သူများအနေဖြင့် "အရေးပေါ်ကယ်ဆယ်ရေး" "ဖွံ့ဖြိုးရေး" နှင့် "ငြိမ်းချမ်းရေး" ဆိုင်ရာ လုပ်ငန်းများရှိ သမာရိုးကျ အမြင်ရှုထောင့်များကို ကျော်လွန်၍ အသိအမှတ်ပြုခဲ့ကြပြီဖြစ်သော်လည်း နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် သုံးပွင့်ဆိုင်မူဘောင်ကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်ချက်များကို ရင်ဆိုင်နေရသည်။[6] သုံးပွင့်ဆိုင်မူဘောင်၏ ဆိုလိုရင်း သဘောတရား နှင့် လက်တွေ့ လုပ်ငန်းစဉ်များ အပေါ်တွင် ကြီးမားသည့် မရေရာမှုများ ရှိနေပြီး၊ အရေးပေါ် ကယ်ဆယ်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ကိစ္စရပ်များကို မည်သို့ ချိန်ဆထည့်သွင်းရမည်ကို စဉ်းစားရာတွင် စိန်ခေါ်မှုများ ရှိနေသည်။

အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး နှင့် နိုင်ငံရေးဆိုင်ရာ လက်တွေ့အခြေအနေများကို သုံးပွင့်ဆိုင်မူဘောင် နှင့်ပတ်သက်သည့် ဆွေးနွေးငြင်းခုန်မှုများက တုံ့ပြန် အဖြေထုတ်နေကြသည်ဖြစ်ရာ၊ ယင်း သုံးပွင့်ဆိုင်မူဘောင်၏ နောက်ကွယ်ရှိ အခြေအနေ အဆက်အစပ် များကို နားလည်ရန် အခရာကျပါသည်။

## ၁.၁။ နောက်ခံသဘောတရား

### သုံးပွင့်ဆိုင်မူဘောင်သဘောတရား နှင့် ငြင်းခုန်ဆွေးနွေးမှုသမိုင်းကြောင်း

သုံးပွင့်ဆိုင်မူဘောင်နှင့် စပ်လျဉ်းသည့် အစောပိုင်းဆွေးနွေးမှုများသည် ၁၉၉၀ ပြည့်နှစ်များတွင် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး နှင့် ဖွံ့ဖြိုးရေး ကဏ္ဍများအား ချိတ်ဆက်ရှုမြင်သည့် အသွင်သဏ္ဍာန်ဖြင့် ပေါ်ပေါက်ခဲ့ပြီး၊ လူသားချင်းစာနာမှုအထောက်အကူများမှ ရေရှည်ဖွံ့ဖြိုးမှုအထိ ပြောင်းလဲသွားနိုင်ရန်အတွက် အထောက်အကူပြုနိုင်ရန် လိုအပ်ကြောင်း အသိအမှတ် ပြုလာခဲ့ကြသည်။[7]

ယင်းဆွေးနွေးမှုများမှ ကြံ့ကြံ့ခံနိုင်မှု နှင့် ဘေးအန္တရာယ်လျှော့ချရေး သဘောတရားများကို ဖော်ထုတ် နိုင်ခဲ့ပြီး၊ လူသားချင်းစာနာမှုအထောက်အကူများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များ အကြား ပိုမိုကောင်းမွန်သော ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အာရုံစိုက်ခဲ့ကြသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် ရေရှည်တည်တံ့သော မဟာဗျူဟာများအကြားတွင် အကောင်းဆုံး ချိတ်ဆက်ပေးနိုင်မည့် သဘောတရားများကို ဆွေးနွေးခဲ့ကြပြီး၊ ကြံ့ကြံ့ခံနိုင်စွမ်းမူဘောင်ကဏ္ဍ ကိုလည်း စတင်မိတ်ဆက် ခဲ့ကြသည်။[8]

လက်တွေ့တွင်မူ ဖွံ့ဖြိုးမှု နှင့် လူသားချင်းစာနာမှုအထောက်အကူ လုပ်ငန်းများအကြား ချိန်ဆရခြင်းသည် ရှုပ်ထွေးပြီး လက်တွေ့အကောင်အထည်ဖော်သူများအနေဖြင့် မည်သည့်အချိန်တွင် ပေါင်းစပ်ညှိနှိုင်းကြရမည် ကို သိရှိနိုင်ရန် မသေချာပေ။ ဖွံ့ဖြိုးရေး နှင့် ကြံ့ကြံ့ခံနိုင်မှု အပါအဝင် လူသားချင်းစာနာမှု အထောက်အကူများအကြားရှိ ချိတ်ဆက်မှုသည် အစဉ်လိုက်ဖြစ်ပေါ်နေသည်ဟု ယူဆခြင်းမှာ ဖွံ့ဖြိုးရေး၊ ကူညီကယ်ဆယ်ရေး၊ ကြိုတင်ပြင်ဆင်ခြင်း နှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍများ၏ ဆုံချက် နှင့် ၎င်းကဏ္ဍများ ပြိုင်တူပါဝင်နေသည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု၏ ချိတ်ဆက်လည်ပတ်နေမှု သဘောတရားကို နားလည်ရန် ပျက်ကွက်ခြင်းဖြစ်သည်ဟု ဝေဖန်မှုများ ရှိခဲ့သည်။[9]

ဆိုမာလီယာ၊ ရဝမ်ဒါ နှင့် ယခင်ယူဂိုဆလားဗီးယား တို့တွင် ကြားဝင်ဆောင် ရွက်လိုက်သည့် အတွေ့အကြုံများကို အခြေခံ၍ လူသားချင်းစာနာမှုဆိုင်ရာ ဘက်မလိုက်မှု နှင့်ပတ်သက်၍ အရေးကြီးသော ဆွေးနွေးမှုများကို ၁၉၉၀ ပြည့်နှစ်များတွင် လုပ်ဆောင်ခဲ့ကြသည်။ ၂၀၀၁ ခုနှစ်တွင် နယူးယောက်မြို့ရှိ ကမ္ဘာ့ ကုန်သွယ်ရေးအဆောက်အအုံ တိုက်ခိုက်ခံရအပြီးတွင် နိုင်ငံတကာ ဖွံ့ဖြိုးမှုကဏ္ဍသည် လုံခြုံရေးဆိုင်ရာ ကဏ္ဍများ အာဂျင်ဒါများနှင့် ပို၍ နီးစပ်သွားခဲ့သည်။ ထိုကာလတွင် အကူအညီအထောက်အပံ့များ နှင့် ဖွံ့ဖြိုးရေး ရန်ပုံငွေ များသည် ကမ္ဘာ့လုံးဆိုင်ရာ လုံခြုံရေး နှင့် တည်ငြိမ်ရေးကဏ္ဍများ[10] ဖက်သို့ ဦးလှည့်သွားခဲ့ပြီး သုံးပွင့်ဆိုင်မူဘောင်နှင့် ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ဆွေးနွေးမှုများနှင့် ပတ်သက်သည့် တိုးတက်မှုများ ရပ်တန့် သွားခဲ့သည်။

လူသားချင်းစာနာမှု အထောက်အကူ ကဏ္ဍ နှင့် ဖွံ့ဖြိုးမှုကဏ္ဍမှ ပါဝင်လုပ်ဆောင်သူများအနေဖြင့် ရေရှည် ကြံ့ကြံ့ခံနိုင်မှုများ တည်ဆောက်နိုင်ရန်အတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းချက်များကို ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းကာလများ ထိတိုင် အသိအမှတ်မပြုခံကြရသေးပေ။ ကမ္ဘာတစ်လွှားတွင် ပဋိပက္ခများ အရှိန်အဟုန်မြင့်လာသည့်အလျောက် လူသားချင်း စာနာမှုအထောက်အကူပြုလုပ်ငန်းများလည်း သိသာစွာ တိုးမြင့် လာပြီး၊ အကူအညီလိုအပ်သော လူဦးရေပမာဏသည်လည်း ဆတိုး ဖြစ်လာခဲ့သည်။[11]

အဆိုပါ ပြောင်းလဲလာသည့် လိုအပ်ချက်များသည် နိုင်ငံတကာအဆင့်၌ ဆွေးနွေးမှု အသစ်များကို ပေါ်ပေါက် လာစေကာ၊ အစိုးရများ၊ အေဂျင်စီများအနေဖြင့် မည်သို့ တုံ့ပြန်ဆောင်ရွက်ကြရမည်ကို စတင် စဉ်းစားလာကြ သည်။ ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးမှုကဏ္ဍအကြားရှိ ဆက်စပ်နေမှု သည် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူ နှင့် ဖွံ့ဖြိုးမှုကဏ္ဍအကြား စဉ်ဆက်မပြတ် ပတ်သက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးဆိုင်ရာ ဆွေးနွေးချက်များ အနက်မှ ထွက်ပေါ်လာသကဲ့သို့၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများအား လုံခြုံစေခြင်းရှုထောင့်မှ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအတွင်း အန္တရာယ်နှင့် ပဋိပက္ခအား သတိပြုနားလည် ထည့်သွင်းပေါင်းစပ် လုပ်ဆောင်သည့် ရှုထောင့်သို့ ပြောင်းလဲနိုင်သည့် နည်းလမ်းများအား ဆွေးနွေးခြင်းမှ တစ်ဆင့်လည်း ပေါ်ထွက်လာခဲ့သည်။[12] ယင်းအားဖြင့် အရေးပေါ်အခြေအနေဆိုင်ရာ လိုအပ်ချက်များသည် လူသားများ နှင့် လူ့အဖွဲ့အစည်းများအား ထိခိုက်လွယ်စေသည့် အရင်းခံပြဿနာများ၏ သွင်ပြင်လက္ခဏာများ ဖြစ်ကြောင်းနှင့်၊ အဆိုပါ အရင်းခံပြဿနာများကို အရေးယူဖြေရှင်း လုပ်ဆောင်ရန် ထိရောက်သည့် နိုင်ငံတကာအဆင့် တုံ့ပြန်မှုများ လိုအပ်လျက်ရှိသည်ကို သုံးပွင့်ဆိုင်မူဘောင်ဆိုင်ရာ ဆွေးနွေးမှုများအတွင်း အသိအမှတ်ပြု ဆွေးနွေးလာကြသည်။

၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ်-၁၃၂၅ အားဖြင့် အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ကန့်ကွက်သူမရှိ လက်ခံအတည်ပြုခဲ့သည်။ ယင်းသည် သဘောတူလက်မှတ်ရေးထိုးသည့် နိုင်ငံများအအနေဖြင့် ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အခွင့်အရေးချိုးဖောက်မှုများမှ တားဆီးကာကွယ်ရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများနှင့် ပဋိပက္ခ အလွန် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အထောက်အပံ့ပြုပေးနိုင်စေရေး နှင့်ဆိုင်သော ပထမဆုံးသော တရားဥပဒေအရ စည်းနှောင်မှုရှိသည့် သဘောတူညီချက်ဖြစ်သည်။ ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်စော်ကားမှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု တွင် အမျိုးသမီးများ ပါဝင်နိုင်မှု စသည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် အခြားသော ဆုံးဖြတ်ချက် (၉) ချက်[13] ကို နောက်ပိုင်းနှစ်များတွင် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအဖြစ် ထပ်မံ ထည့်သွင်းခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက် ၁၀ ခု စုပေါင်းပါဝင်သည့် ဆုံးဖြတ်ချက်များ မှတစ်ဆင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် ဘေးကင်းလုံခြုံရေး မူဘောင် အဖြစ် ပေါ်ပေါက်လာခဲ့သည်။ အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် ဘေးကင်းလုံခြုံရေး မူဘောင်ရှိ အခြေခံမှုများကို လိုက်နာဆောင် ရွက်ခြင်းဖြင့် သုံးပွင့်ဆိုင် မူဘောင်ကြားတွင်

ပိုမိုကောင်းမွန်သည့် ပေါင်းစပ်မှုကို လမ်းဖွင့်ပေးနိုင်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြုရေး လုပ်ငန်းစဉ်များအတွင်း ယနေ့တိုင်အောင် ရင်းမြစ်သုံးစွဲမှု နည်းပါးနေခဲ့သည့် ကဏ္ဍများတွင် ငွေကြေးထောက်ပံ့မှုများ ပိုမိုစီးဆင်းလာစေရေးအတွက် မြှင့်တင် ပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်လာခဲ့သည်။[14]

အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး မူဘောင်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသန္တရဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့်ချမှတ်ထားသော ဖွံ့ဖြိုးမှုအစီအစဉ်များကို အသိအမှတ်ပြုသည့် နိုင်ငံတကာ သဘောတူညီချက်များနှင့် တစ်ပြိုက်နက်ဖန်တီး၍ အကောင်အထည် ဖော်ဆောင်ရွက်သည်။ ၎င်း သဘောတူညီချက်များတွင် ၂၀၁၁ ခုနှစ် “New Deal for Engagement in Fragile State” သဘောတူညီချက်၊ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ (2015 UN Sustainable Development Goals – SDGs)[15] နှင့် ၂၀၁၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာလူသားချင်းစာနာမှုထိပ်သီး အစည်းအဝေး၏ ကတိကဝတ်များ နှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြုကဏ္ဍ နှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများအကြား ပိုမိုနီးကပ်သည့် ထိတွေ့ဆက်ဆံမှုများ ဖြစ်ပေါ်လာစေရေး အကြံပြုချက်များပါဝင်သည့် Grand Bargain တို့ ပါဝင်သည်။

## အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် ဘေးကင်း လုံခြုံရေး မူဘောင် နှင့် သုံးပွင့်ဆိုင်မူဘောင်တွင် ဂျဲန်ဒါအား ထည့်သွင်းစဉ်းစားခြင်း

၂၀၀၀ ခုနှစ်တွင် အတည်ပြုခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ သည် အမျိုးသမီးများ၏ အခွင့်အရေးများအား လေးစားခြင်း၊ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများ နှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အထောက်အပံ့ ပြုရေးတို့အား ပဋိပက္ခတွင် ပါဝင်သူအားလုံးက လိုက်နာဆောင်ရွက်ကြရန် ထုတ်ပြန်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပထမဆုံး တရားဥပဒေအရ စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက်ဖြစ်သည်။[16] အမျိုးသမီးများအား ဆန့်ကျင်ကျူးလွန်သည့် ချိုးဖောက်မှုများကို လျှော့ချနိုင်ရန် ကဏ္ဍ (၄) ရပ် ပါဝင်သည်။ ၎င်းတို့မှာ (၁) တားဆီးခြင်း (၂) ကာကွယ်ခြင်း (၃) ပါဝင်ဆောင်ရွက်ခြင်း နှင့် (၄) ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးတို့ဖြစ်သည်။ ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေး ကဏ္ဍသည် လူသားချင်း စာနာမှု ဆိုင်ရာ အထောက်အကူပြုရေး ကဏ္ဍတွင် အားလုံးပါဝင်နိုင်ရေးကို တိုက်ရိုက် ဖော်ထုတ်ထားခြင်း ဖြစ်ပြီး၊ နိုင်ငံတကာ ပဋိပက္ခများကို ဖြေရှင်းရာတွင် ပါဝင်သူများအနေဖြင့် ဂျဲန်ဒါ ရှုထောင့်ကို ထည့်သွင်းလုပ်ဆောင်ရန် တောင်းဆိုခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ထောက်ပံ့ကူညီရေးများ သတ်မှတ်ရာတွင် အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။

အရေးပေါ်လိုအပ်ချက်များသည် များသောအားဖြင့် လူအများနှင့် လူ့အဖွဲ့အစည်းများအား ထိခိုက်လွယ်စေသည့် အခြေခံအကြောင်းအရင်းများ၏ လက္ခဏာများ ဖြစ်သည်ဟု သုံးပွင့်ဆိုင်မူဘောင်က အသိအမှတ်ပြုထားပြီး၊ အမျိုးသမီးများ၊ ငြိမ်းချမ်း ရေးနှင့် လုံခြုံရေးဆိုင်ရာမူဘောင်သည်လည်း လူသားချင်းစာနာမှုအထောက်အကူကဏ္ဍနှင့် ဖွံ့ဖြိုးမှုကဏ္ဍမှ ပါဝင်သူများအား သီးခြား ထိတွေ့ဆက်ဆံသည်ဖြစ်သည့်အတွက်ကြောင့် ငြိမ်းချမ်းရေးအား ယင်းချဉ်းကပ်မှုတွင် ထည့်သွင်းခြင်းသည် သဘာဝကျပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် လူသားချင်း စာနာမှုအထောက်အကူပြုခြင်း ကဏ္ဍ ရှိ လိုအပ်ချက်များကို အဆုံးသတ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချခြင်း နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်းကဏ္ဍများအတွက် ပဋိပက္ခ ဖြေရှင်းခြင်း နှင့် ကာကွယ်ခြင်းသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိသည်ကို အသိအမှတ်ပြုပါသည်။[17] သို့တိုင်အောင် ပဋိပက္ခ ဖြေရှင်းရေး နှင့် လူသားချင်းစာနာမှု အကူအညီများ လိုအပ် ခြင်းကို အဆုံးသတ်ခြင်း ကြားရှိ ဆက်နွယ်မှုသည် သုံးပွင့်ဆိုင်မူဘောင်နှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့်လုံခြုံရေးမူဘောင်တို့၏ ကျယ်ပြောပြီး၊ သုတေသနလုပ်ဆောင်မှု အားနည်းလျက်ရှိသည့် ကဏ္ဍအဖြစ် ဝေဖန်ထောက်ပြကြသည်။[18] ယင်းကဏ္ဍအတွင်း၌ ဂျဲန်ဒါလေ့လာဆန်းစစ်မှုနှင့် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးဦးဆောင်သည့် အဖွဲ့အစည်းများကို ထည့်သွင်းထားခြင်း မရှိသည်ကိုလည်း ဝေဖန်ကြသည်။

ဂျဲန်ဒါ မညီမျှမှုများသည် လူမှုအသိုက်အဝန်းများအတွင်း ထိခိုက်လွယ်မှုနှင့် အန္တရာယ်များ၏ အခြေခံအကြောင်းအရင်းများဖြစ်ပြီး၊ အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ခြင်းကို ထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ကာ၊ အန္တရာယ် ကျရောက်နိုင်စေသည့် အကြောင်းအရင်းများအပေါ်တွင် အာရုံစူးစိုက်နိုင်မည်ဖြစ်သည်။ ဂျဲန်ဒါ တန်းတူညီမျှရေးအပေါ် အာရုံစိုက်ခြင်းသည် သုံးပွင့်ဆိုင်မူဘောင် ဆွေးနွေးမှုတွင် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။[19] သို့သော်လည်း ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ထောက်ပံ့မှုအစီအစဉ်များတွင် ဂျဲန်ဒါ တန်းတူညီမျှမှုအား အဓိကရည်မှန်းချက်အဖြစ် သတ်မှတ်သည့် အစီအစဉ်များအတွက် ကူညီထောက်ပံ့မှု၏ ၅ ရာခိုင်နှုန်းဖြစ်သော ဒေါ်လာ ၆.၃ ဘီလီယံကိုသာ အသုံးပြုခဲ့သည်။[20] ဤအချက်ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများ ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး မူဘောင်နှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြု ကဏ္ဍအကြားရှိ ကွာဟမှုကို သိနိုင်သည်။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသူများအတွက် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် ဘေးကင်းလုံခြုံရေး မူဘောင်၏ ရည်မှန်းချက်ဖြစ်သော တားဆီးခြင်း၊ ကာကွယ်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာ ကိစ္စရပ်များသည် စိန်ခေါ်ချက်တစ်ရပ်အဖြစ်ရှိနေသေးသည်။ အကြောင်းမှာ ထိုလူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နေသူများအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများကို အကူအညီအထောက်အပံ့များအား "ရယူအသုံးပြုသူ"များအဖြစ် သတ်မှတ်ထားခြင်းမှ ၎င်းတို့အား ပြောင်းလဲမှု ဖော်ဆောင်သူများ၊ ဦးဆောင်လက်တွဲသည့် မိတ်ဆက်များအနေဖြင့် ထိတွေ့ဆက်ဆံရန် ဖြစ်သည်။[21]

လူသားချင်းစာနာမှုအထောက်အကူပြုကဏ္ဍ၊ ဖွံ့ဖြိုးမှု ကဏ္ဍ နှင့် ငြိမ်းချမ်းရေးလုပ်ဆောင်သူ များအကြားရှိ ကတိကဝတ်များသည် ဂျဲန်ဒါ တန်းတူညီမျှမှုကဏ္ဍတွင် ထင်ရှားစွာ ထပ်တူကျနေသည်ဖြစ်ရာ သုံးပွင့်ဆိုင် ချဉ်းကပ်မှုအတွက် သက်ရောက်မှုရှိစေသည့် စမ်းသပ်ချက်တစ်ခု ဖြစ်လာနိုင်သော်လည်း ၎င်းကို ဖော်ဆောင်ရာတွင် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ နှင့် ၎င်းတို့၏ အဖွဲ့အစည်းများအား ဆွေးနွေးမှု၏ ဗဟိုချက်တွင် ထားရှိခြင်း မပြုပါက ဖော်ဆောင်နိုင်မည် မဟုတ်ပါ။ ဂျဲန်ဒါတန်းတူညီမျှရေးကိုမြှင့်တင်သည့် သုံးပွင့်ဆိုင်မူဘောင် ချဉ်းကပ်မှုကို အကောင်အထည်ဖော်ခြင်းသည် လတ်တလော တုံ့ပြန်ဆောင်ရွက်ချက်များနှင့် ရေရှည်ရလဒ်များတွင် အမျိုးသမီးအခွင့်အရေးကို တစ်သားတည်း ထည့်သွင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများအား ရေရှည်အထောက်အပံ့ပြုပေးခြင်း တို့ အပြင်ဝင် ဂျဲန်ဒါ တရားမျှတမှုကို စဉ်ဆက်မပြတ်တိုးမြှင့်နိုင်စေမည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်ပေသည်။[22]



Photo: Saw Lay Dar Du/ActionAid

မြန်မာနိုင်ငံ ကျွန်းကလေးရွာမှ အမျိုးသမီးအဖွဲ့ ခေါင်းဆောင်များ၊ ရေကြီး ရေလျှံမှု ကို တုံ့ပြန်မှုရပ်ရွာဖွံ့ဖြိုးရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ရေရှည်တည်တံ့နိုင်ရေး စီမံချက်(၂၀၁၉)

## သုံးပွင့်ဆိုင်မူဘောင်ကို အားပေးထောက်ပံ့ခြင်း နှင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် ဘေးကင်းလုံခြုံရေး မူဘောင်ကို လူသားချင်းစာနာမှုဆိုင်ရာအထောက်အကူပြုမှုကဏ္ဍရှိ ဆွေးနွေးမှုများတွင် ထည့်သွင်းခြင်း

ထိခိုက်လွယ်ပြီး ပဋိပက္ခ သက်ရောက်မှု ခံနေရသည့် နေရာများတွင် နေထိုင်ကြရသည့် လူဦးရေ အရေအတွက်မှာ မကြုံစဖူး များပြားလာသည်။ ၂၀၂၂ ခုနှစ် ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်လွှားတွင် ပဋိပက္ခများကြောင့် နေရပ်တိမ်းရှောင် နေကြရသူပေါင်း သန်း ၁၀၀ ခန့် ရှိသည်။[23] ခန့်မှန်းချက်များအရ ၂၀၂၂ ခုနှစ်တွင် လူဦးရေ သန်းပေါင်း ၂၇၄ သန်းသည် လူသားချင်းစာနာမှု အကူအညီများ လိုအပ်လျက်ရှိပြီး၊ ကုလသမဂ္ဂ အနေဖြင့် ကမ္ဘာတစ်လွှားရှိ အရေးပေါ် အခြေအနေပေါင်း ၆၃ ခုကို တုံ့ပြန်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၄၁ ဘီလီယံ လိုအပ်မည် ဖြစ်သည်။[24]

ဤအချက်ကြောင့် ထိခိုက်လွယ်သော နိုင်ငံများ၏ အရေးအပေါ်အခြေနေများကို တုံ့ပြန်ဖြေရှင်းနိုင်မည့် စွမ်းဆောင်ရည် နှင့်စပ်လျဉ်း၍ စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးမှု အဖွဲ့အစည်း (OECD) ၏ ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှု အခြေအနေတွင် နေထိုင်ရသူများ၏ ၈၀ ရာခိုင်နှုန်းသည် ထိခိုက်လွယ်နိုင်ငံများတွင် နေထိုင်ကြသူများဖြစ်မည်ဟု သိရသည်။[25] ကိုဗစ်-၁၉ ရောဂါသည်လည်း အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များအပါအဝင် သက်ရောက်မှုခံရဆုံး အုပ်စုများ၏ ရှိနှင့်ပြီးသား ထိခိုက်လွယ်မှု နှင့် မညီမျှမှုများကို ပိုမို ဖြစ်ပေါ်လာစေသည်။[26] ကိုဗစ်-၁၉ ၏ တိုက်ရိုက်သက်ရောက်ခံရမှုကြောင့် ခန့်မှန်းခြေအားဖြင့် အမျိုးသမီး ၄၇ သန်းသည် အလွန်အမင်း ဆင်းရဲနွမ်းပါးမည့်အခြေအနေသို့ တွန်းပို့ခံနေကြရသည်။[27] ပဋိပက္ခ၊ ထိခိုက်လွယ်မှုနှင့် အကြပ်အတည်းများကို တစ်ဖက်တွင် ရင်ဆိုင်ကြရပြီး အခြားတစ်ဖက်တွင် ဆင်းရဲနွမ်းပါးမှု နှင့် မညီမျှမှုများကို ခံစားကြရသည်ဖြစ်ရာ၊ ၎င်းတို့သည် ထိခိုက်လွယ်မှုကို ဖြစ်စေသည့် ရောထွေးယှက်တင်ဖြစ်နေသည့် နည်းလမ်းများဖြစ်သည့်အတွက် လွှမ်းခြုံမှုရှိပြီး ပူးပေါင်းဆောင်ရွက်မှု ပါဝင်သည့် ဖြေရှင်းချက်များ လိုအပ်လျက်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ဒေသခံအဆင့်မှ ပါဝင်လှုပ်ရှားသူများ၊ လူသားချင်းစာနာမှုအကူအညီပေးရေး ဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများ၏ အဓိကကျသည့် အခန်းကဏ္ဍကို အာရုံစိုက်လာစေပြီး၊ လူသားချင်းစာနာမှု အကူအညီပေး ရေးလုပ်ငန်းများ၏ အဆင့်တိုင်းတွင် ပါဝင်လုပ်ဆောင်လာစေနိုင်သည်။[28]

အလှူရှင်များ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် လူသားချင်းစာနာမှု အကူအညီပေးရေး စနစ်အတွင်းရှိ မိတ်ဖက်ပြုခြင်းဆိုင်ရာ နှင့် ငွေကြေးထောက်ပံ့မှု ဆိုင်ရာ ချဉ်းကပ်မှုများတွင် ကြီးမားသော အပြောင်းအလဲများ လုပ်ဆောင်ရန် လိုအပ်နေသည်ကို ထောက်ပြ ပြောဆိုခဲ့ကြပြီး ဖြစ်သည်။[29] အရေးပေါ်အခြေအနေများ နှင့် နိုင်ငံတကာအဆင့် ဆွေးနွေးမှု များသည် မကြုံစဖူး အခြေအနေတွင် ရောက်ရှိနေကြသော်လည်း တာဝန်ရှိသည့် လှုပ်ရှားဆောင်ရွက်သူများ အနေဖြင့် သီးခြားပုံစံဖြင့်သာ လုပ်ဆောင်လျက်ရှိကြသည်။ လူသားချင်းစာနာမှုအကူအညီပေးခြင်းစနစ်သည် ဂျန်ဒါ ရှုထောင့်တွင် လစ်ဟာလျက်ရှိကာ[30] လူသားချင်းစာနာမှုအကူအညီများသည် အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးမူဘောင်ကို ထည့်သွင်းရန် ပျက်ကွက်လျက်ရှိသည်။ ၎င်းကိစ္စရပ်ကို ငြိမ်းချမ်းရေး တည်ဆောက်မှု၏ လုပ်ပိုင်ခွင့်အဖြစ် ရှုမြင်လျက်ရှိပြီး၊ အမျိုးသမီးအခွင့်အရေး နှင့် ဂျန်ဒါတန်းတူညီမျှမှုတို့ကို လုပ်ငန်းအစီအစဉ်များသို့ ပေါင်းစပ်ထည့်သွင်းရန်လည်း မလုပ်ဆောင်နိုင်ပေ။ ယင်းကြောင့် ဂျန်ဒါတန်းတူညီမျှမှုရှိစေရန် စနစ်ဆိုင်ရာ ပြောင်းလဲမှုများ ပါဝင်သည့် လူသားချင်းစာနာမှု အကူအညီများကို အကန့်အသတ်များ ရှိလာစေပြီး၊ သုံးပွင့်ဆိုင် မူဘောင်တွင် အမျိုးသမီး အခွင့်အရေးအဖွဲ့များ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။

# သုံးပွင့်ဆိုင်မူဘောင်နှင့်စပ်လျဥ်း၍ ကဏ္ဍစုံမှ ပါဝင်ပတ်သက် သူများ၏အမြင်သဘောထားများ

သုံးပွင့်ဆိုင်မူဘောင်နှင့်ပတ်သက်သည့် ဆွေးနွေးချက်များသည် ပြောင်းလဲလာနေသည့် လူမှုစီးပွားဆိုင်ရာ နှင့် နိုင်ငံရေးဆိုင်ရာ အခင်းအကျင်းများနှင့် လိုက်လျောညီထွေဖြစ်စွာ ဆက်လက်တည်ရှိ ဖြစ်ပေါ်တိုးတက် နေ မည် ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ နှင့် ယနေ့ခေတ် ပဋိပက္ခများ၏ ပိုမိုများပြားလာသော ရှုပ်ထွေးမှုများထံမှ ဆက်လက်လေ့လာနေသည့် အချိန်တွင် ရေရှည်တည်တံ့နိုင်သည့် ရလဒ်များအတွက် လိုအပ်သည့် ရင်းမြစ်များ နှင့် စွမ်းဆောင်ရည်များကို စုရုံးအသုံးပြုနိုင်မည့် ပေါင်းစပ်မှုပြုထားသည့် ချဉ်းကပ်မှုများကို နိုင်ငံတကာမှ ပါဝင်သူများအကြား ပိုမိုနက်နဲစွာ အသိအမှတ် ပြုလာကြသည်ဖြစ်ရာ၊ သုံးပွင့်ဆိုင်မူဘောင်သည် နိုင်ငံတကာ မူဝါဒရေးရာ ဆွေးနွေးမှုများ၏ ရှေ့တန်းတွင် ရောက်ရှိ လာခဲ့သည်။ သုံးပွင့်ဆိုင်မူဘောင်နှင့် ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်း၏ အပေါ်ယံ ကတိကဝတ်များ ရှိနေသော်လည်း[31] ကုလသမဂ္ဂ၏ အချုပ်အခြာအာဏာအခြေပြု ချဉ်းကပ်မှုများသည် ပဋိပက္ခများ၊ အကြပ်အတည်းများ နှင့် ထိခိုက်လွယ်မှုများ ကို မောင်းနှင်နေသည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးဘောဂ မောင်းနှင်အားများကို မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ကို ရှင်းရှင်း လင်းလင်းမရှိသကဲ့သို့၊[32] သုံးပွင့်ဆိုင်မူဘောင်နှင့် ၎င်း၏ ရှုမြင်သုံးသပ်မှုဆိုင်ရာ အကန့်အသတ်နှင့် ပတ်သက်သည့် အမြင်သဘောထားများနှင့်ပတ်သက်၍လည်း သဘောတူညီချက်များ မရရှိနိုင်သေးပါ။

သုံးပွင့်ဆိုင်မူဘောင်အား အမြင်သဘောထားသည့်အခါ ဦးစားပေးမှုများ၊ မူဘောင်သတ်မှတ်မှုများ၊ အခြေခံမှုများနှင့် ပတ်သက်၍ စိန်ခေါ်ချက်များကို ကြုံတွေ့ရလေ့ရှိသည်။ နိုင်ငံရေးကို အခြေပြုခြင်းမရှိဘဲ၊ လိုအပ်ချက်ကို အခြေခံသည့် လူသားချင်းစာနာမှုမူဝါဒသည် ရေရှည်သဘောဆောင်ပြီး နိုင်ငံရေးနှင့် အခွင့်အရေးကို အခြေခံထားသည့် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကဏ္ဍမှ ပါဝင်သူများနှင့် ကွဲပြားခြားနားလျက် ရှိသည်။

ထို့အတူပင် နိုင်ငံတကာ နိုင်ငံရေးသည်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အားကောင်းခိုင်မာပြီး ပေါင်းစပ်ထားသည့် ချဉ်းကပ်မှုတစ်ခု ပေါ်ထွက်လာနိုင်ရန် နိုင်ငံတကာအဆင့် ကြိုးပမ်းမှုများကို ပိတ်ပင်ထားလေ့ရှိသည်ဟု စွပ်စွဲခံရမှုများရှိသည်။[33] ထို့ကြောင့် သုံးပွင့်ဆိုင်မူဘောင်နှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် မတူညီသော ပါဝင်လုပ်ဆောင်သူများအနေဖြင့် အကြောင်းအရာ များအပေါ် အမြင်သဘောထားကြရာတွင် ၎င်းတို့၏ အကျိုးစီးပွားများ၊ လုပ်ငန်းစဉ်များအရ မတူကွဲပြားသည့် ပုံစံဖြင့် အမြင်သဘောထားကြသည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် သုံးပွင့်ဆိုင်မူဘောင်သည် ပဋိပက္ခအား သတိပြုနားလည်ခြင်းကို ပိုမိုထိရောက်စွာ ပေါင်းစပ်ထည့်သွင်းရန်၊ ဒေသအဆင့်တွင် လူမှုရေး သဟဇာတဖြစ်မှု သို့မဟုတ် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့ကို ပေါင်းစပ် ထည့်သွင်းရန် ဖြစ်သော်လည်း၊ ယင်းကဏ္ဍများကို တရားဝင် လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ထားရန် လိုအပ်သည်ဟု နားလည်လက်ခံကြသူများလည်း ရှိသည်။[34]

အလှူရှင်များအနေဖြင့် သုံးပွင့်ဆိုင်မူဘောင်အား ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသွင်သဏ္ဍာန်များ၊ ကူညီထောက်ပံ့ရေး အစီအစဉ်များအတွင်းရှိ တွဲဖက်ပါဝင်နေသည့် ကဏ္ဍများအား အားပေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ခြင်းဖြင့် အခြေခံလေ့ ရှိသည်။ ၂၀၁၉ ခုနှစ်တွင် OECD ဖွံ့ဖြိုးမှု ထောက်ပံ့ရေး ကော်မတီသည် သုံးပွင့်ဆိုင်မူဘောင်နှင့် ပတ်သက်၍ DAC အလှူရှင်များ လိုက်နာရမည့် အခြေခံမှုများကို အကြံပြုချက်များ ထုတ်ပြန် ခဲ့သည့်အတွက် အလှူရှင်များအနေဖြင့် သုံးပွင့်ဆိုင်မူဘောင်နှင့် ပတ်သက်သည့် ကတိကဝတ်များအပေါ်တွင် ပိုမိုခိုင်မာစွာ လုပ်ဆောင် လာနိုင်စေပြီး၊ သုံးပွင့်ဆိုင်မူဘောင်အတွင်း ငြိမ်းချမ်းရေး အစိတ်အပိုင်းကို အပြောင်းအလဲ အခြေပြု၍ ထည့်သွင်းနိုင်မည်ဖြစ်သည်။[35]

ယင်းကို အမြင်သဘောထားရာတွင် “ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်မှု၊ ဆက်စပ်နိုင်မှု နှင့် တွဲဖက်ဖြည့်ဆည်းနိုင်မှုတို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ဤချဉ်းကပ်မှုသည် အခြေအနေ တစ်ခုချင်းစီအပေါ်တွင် ၎င်းတို့၏ သက်ဆိုင်မှုနှင့် လိုက်လျောညီထွေဖြစ်နိုင်သည့် မဏ္ဍိုင်တစ်ခုချင်းစီ၏ အားသာချက်များကို အသုံးပြုနိုင်ရန်ဖြစ်ပြီး၊ ထိခိုက်လွယ်မှု၊ ဖြည့်ဆည်းခြင်းမပြုနိုင်သေးသည့် လိုအပ်ချက်များကို လျှော့ချနိုင်ရန်နှင့် အန္တရာယ်စီမံခန့်ခွဲနိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်များကို အားဖြည့်ထောက်ပံ့ပေးနိုင်ပြီး၊ ပဋိပက္ခ၏ အခြေခံအကြောင်းတရားများကို ဖော်ထုတ်ဖြေရှင်း နိုင်ရန် ဖြစ်သည်။”[36] အလှူရှင်များအနေဖြင့် ကြိုတင်ကာကွယ်မှု၊ အန္တရာယ်လျှော့ချနိုင်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုချက်များမှတစ်ဆင့် ၎င်းတို့၏ သက်ဆိုင်ရာ မူဝါဒများအတွင်း ပြုပြင်ထည့်သွင်းသွား ရမည်ဖြစ်ကာ၊ လှုပ်ရှားမှုများ၊ ပြည်သူ့ဗဟိုပြု လုပ်ငန်းစဉ်များကိုလည်း “မည်သူ့ကိုမျှမထိခိုက်ရေး” မူများအပေါ် အခြေခံလျက် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကုလသမဂ္ဂစနစ်အတွင်းမှာပင် သုံးပွင့်ဆိုင်မူဘောင်နှင့်ပတ်သက်၍ အမြင်သဘောအမျိုးမျိုး ကွဲပြားနေကြသည်။ ဥပမာအားဖြင့် “ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့” ၏ သုံးပွင့်ဆိုင်မူဘောင်ဆိုင်ရာ ချဉ်းကပ်မှုသည် စနစ်များကို အားကောင်းခိုင်မာ လာစေခြင်း၊ အန္တရာယ်များကို ထည့်သွင်းတွက်ချက်သည့် အစီအစဉ်များ ချမှတ်ခြင်း၊ ဒေသခံလူမှုအသိုက်အဝန်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အရေးအပေါ်အခြေအနေများအတွက် အစီအစဉ်များ ချမှတ်ခြင်း နှင့် ကြိုတင်ပြင်ဆင်ခြင်း၊ မိတ်ဖက်ပြုမှုများကို ပိုမိုချဲ့ထွင်ခြင်း နှင့် အရေးကြီးသည့် ရင်းမြစ်များကို စုရုံးအသုံးပြုခြင်း စသည်တို့ ပါဝင်သည့် အဓိကကျသော ဆောင်ရွက်ချက်များအပေါ်တွင် အာရုံစိုက်ထားသည်။[37] ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး အနေဖြင့်မူ သုံးပွင့်ဆိုင်မူဘောင်အား လုပ်ဆောင်မှု နည်းလမ်းသစ်တစ်ရပ်အဖြစ် ရှုမြင်သည်။ ၎င်းသည် “နှစ်များစွာအတွင်း မတူကွဲပြားသည့် ပါဝင်လုပ်ဆောင်သူများ၏ အားသာချက်များအပေါ်တွင် အခြေခံထားပြီး၊ ထိခိုက်လွယ်မှု၊ အန္တရာယ် နှင့် လိုအပ်ချက်များကို လျှော့ချပေးနိုင်သည့် စုပေါင်းရလဒ်ကို ဦးတည်သည့် လုပ်ဆောင်မှုနည်း လမ်းဖြစ်သည်။”[38]

ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ကဏ္ဍများတွင် ပါဝင်လုပ်ဆောင်နေကြသူများအကြား ပိုမိုခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ညှိနှိုင်းပေါင်းစပ်မှုများ ဖြစ်ပေါ်လာစေရေး ပြောဆိုမှုများ ရှိနေကြသော်လည်း၊ အဆိုပါ ပြောဆိုချက်များသည် အကောင်အထည်ဖော်ဆောင်သည့် အေဂျင်စီများ၏ ရှုမြင်မှုများမှတစ်ဆင့် တည်ဆောက်ထားကြခြင်းဖြစ်သည်။ ၎င်းတို့၏ ရှုမြင်မှုများတွင် နိုင်ငံကာအဆင့်မှ မတူကွဲပြားသော ပါဝင်လုပ်ဆောင်သူများ၊ နိုင်ငံတကာအဆင့် လုပ်ငန်းစဉ်များ ပါဝင်သည်။ သုံးပွင့်ဆိုင်မူဘောင်ဆိုင်ရာ အမြင်သဘောထားချက်များတွင် အလှူရှင်များ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ပေးရေး အေဂျင်စီများ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၏ အမြင်ရှုထောင့်များ၊ အတွေ့အကြုံများ ဖြင့်သာ ပုံဖော်ထားခြင်းဖြစ်ပြီး၊ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ၊ အမျိုးသမီးဦးဆောင်သည့် အဖွဲ့အစည်းများကဲ့သို့ တိုက်ရိုက် သက်ရောက်ခံရသည့် အစုအဖွဲ့များ၏ အတွေ့အကြုံများ နှင့် အမြင်ရှုထောင့်များပေါ် တွင် အခြေခံခြင်းမရှိပေ။ ဤအချက်သည် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ နှင့် ၎င်းတို့၏ အသိုက်အဝန်းများအနေဖြင့် ပဋိပက္ခအပေါ်တွင် မည်သို့ တုံ့ပြန်နေကြသည်ကို နားလည်မှုမရှိခြင်းအား ပြဆိုလျက်ရှိသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းနယ်ပယ်၊ အမျိုးသမီး နှင့် အမျိုးသမီးငယ်များ ဦးဆောင်သည့် အဖွဲ့အစည်းများသည် လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကဏ္ဍများအကြား ချိတ်ဆက်မှု အများဆုံးဖြစ်သည့် နေရာများအဖြစ် တည်ရှိနေပြီး၊ မကြာသေးမီနှစ်များအတွင်း၌ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် ဘေးကင်းလုံခြုံရေးမူဘောင်ဆိုင်ရာ ဆုံးဖြတ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့်သော်လည်းကောင်း ဆုံချက်ချိတ်ဆက်မှုများအရသော်လည်းကောင်း အမြင်သဘောထားရာတွင် ဦးဆောင်ပါဝင်နေကြသူများလည်း ဖြစ်သည်။[39] သို့တိုင်အောင် သုံးပွင့်ဆိုင်မူဘောင်သည် အဓိကကျသော ပါဝင်လှုပ်ရှားသူအများစု၏ အသံများကို ဖယ်ထုတ်၍ နိုင်ငံတစ်ကာအဆင့် အဖွဲ့အစည်းများကသာ ပုံဖော်တည်ဆောက်ထားသော မူဝါဒဆိုင်ရာ အသုံးအနှုန်းအဖြစ် ရှိနေသေးသည်။

## ၁.၂။ သုတေသနနည်းနာ နှင့် သုတေသနချဉ်းကပ်မှု

ဤသုတေသနသည် ၎င်းတို့၏ သက်ဆိုင်ရာ လူမှုအသိုက်အဝန်းများအတွင်း အရေးပေါ် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ကြကာ၊ ယင်းအခြေအနေများ၏ သက်ရောက်မှုကို ခံကြရသည့် ဟေတီ၊ လက်ဘနွန်၊ မြန်မာ နှင့် ဆိုမာလီယာ နိုင်ငံများမှ အမျိုးသမီးလှုပ်ရှားမှုများ၊ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများ၊ အမျိုးသမီး ဦးဆောင်သည့် အဖွဲ့များမှ အဖွဲ့ဝင်များ၊ အမျိုးသမီး ခေါင်းဆောင်များ၏ အတွေ့အကြုံများကို အတူတကွ ပေါင်းစပ်ဖော်ထုတ်ထားခြင်း ဖြစ်သည်။ ရံဖန်ရံခါအားဖြင့် သီးခြားခေါင်းစဉ်တပ်ထားခြင်းမရှိပဲ နောက်ခံအခြေအနေ တစ်ခုချင်းစီမှ မညီမျှမှုများ ပေါ်ပေါက်ရသည့် အကြောင်းအရင်းများကို ရှာဖွေကာ လူသားချင်းစာနာမှု အကူအညီပေးခြင်း ကဏ္ဍ၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များအကြား ပေါင်းစပ်ဆောင်ရွက်ခြင်းများကိုလည်း ဖော်ထုတ်တင်ပြထားသည်။

ဤသုတေသနတွင် ပေါင်းစပ်သုတေသနနည်းစနစ်ကို အသုံးပြုထားသည်။ ရှိနေသော သုတေသနများကို သုံးသပ်ခြင်း၊ အခြေခံအချက်အလက်များကို ကောက်ယူခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း၊ စစ်တမ်းကောက်ယူသည့် နည်းစနစ်ကို အသုံးပြု၍ အရည်အသွေးစံပြုနယ်ပယ်များနှင့် အရေအတွက်စံပြု စနစ်များ ပါဝင်သည်။ ဟေတီ၊ လက်ဘနွန်၊ မြန်မာ နှင့် ဆိုမာလီယာနိုင်ငံများရှိ အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့များနှင့် အက်ရှင်အေ့ဒ်အဖွဲ့က နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး သုတေသနဖော်ထုတ်ခြင်း၊ အချက်အလက်များကို ဆန်းစစ်သုံးသပ်ခြင်း၊ ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုချက်များကို စစ်ဆေးခြင်း စသည့် အဆင့်တိုင်းတွင် အဆိုပါ အမျိုးသမီးများ၏ ဦးဆောင်မှုဖြင့် လုပ်ဆောင်ခဲ့သည်။ အခြေခံအချက်အလက်များကို တစ်နိုင်ငံချင်းစီမှ အဓိကကျသူများအား မေးမြန်းမှု ၅၃ ခုနှင့် ဦးတည်အုပ်စုဆွေးနွေးပွဲ ၁၈ ခုတို့ဖြင့် ကောက်ယူထားခြင်းဖြစ်သည်။ ထို့အပြင် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့်အဖွဲ့အစည်းများမှ အမျိုးသမီးခေါင်းဆောင် ၁၇၈ ဦးတို့က အရေအတွက်စံပြု စစ်တမ်းကောက်ယူမှုတွင် ပါဝင်ထားကြသည်။[40] သုတေသန ကနဦးတွေ့ရှိချက်များကို ပါဝင်သူများအားလုံး ထံသို့ မျှဝေပေးပြီး ကနဦး ဆန်းစစ်သုံးသပ်မှုများ၊ တွေ့ရှိချက်များအား အတည်ပြုခြင်းနှင့် အဆုံးသတ်အကြံပြုချက်များအား အတူတကွ ဖော်ထုတ်ခြင်းတို့တွင် ၎င်းတို့၏ အကြံပြုဝေဖန်ချက်များကို ရယူထားသည်။

အက်ရှင်အေ့ဒ်သည် ဖီးမီးနစ် သုတေသနနည်းလမ်းကို လက်ခံကျင့်သုံးပြီး၊ ယင်းနည်းလမ်းသည် ပါဝါ ချိန်ခွင်လျှာ ပြောင်းလဲနိုင်မည့် နည်းလမ်းဖြစ်သည်ဟုလည်း နားလည်ထားသည်။ သုတေသန တွေ့ရှိချက်များ နှင့် သက်သေများသည် ဆုံးဖြတ်ချက်ချမှတ်သူများ၏ အမြင်များ၊ လုပ်ဆောင်ပုံများနှင့်စပ်လျဉ်းသည့် ဘက်လိုက်မှုများကို ချေဖျက်ပေးနိုင်မည်ဖြစ်ပြီး၊ ပါဝါမညီမျှမှုများနှင့် ဖိနှိပ်မှုများ အား ပြန်လည်ဖြစ်ပေါ်စေသည့် အရာများကိုလည်း စိန်ခေါ်နိုင်မည် ဖြစ်သည်။ အက်ရှင်အေ့ဒ်၏ ဖီးမီးနစ် သုတေသနလမ်းညွှန်မူဘောင်များ[41] သည် "လူထု-အခြေပြု သက်သေအချက်အလက်များ" နှင့် စွမ်းရည်မြှင့်တင်ခြင်း၊ ညီညွတ်မှု တည်ဆောက်ခြင်းနှင့် ပါဝါ ချိန်ခွင်လျှာ ပြောင်းလဲခြင်းတို့ကို အာရုံစိုက်ထားသည်။ အက်ရှင်အေ့ဒ်၏ ဖီးမီးနစ်သုတေသန နည်းလမ်းသည် ခွဲခြားခံရဆုံးဖြစ်သူများ၏ အတွေ့အကြုံများနှင့် အခွင့်အရေးများကို အဓိကထားပြီး၊ မညီမျှမှုများ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို ပေါင်းစပ်ဖော်ထုတ် ခြင်းဖြစ်သည်။ ယင်းအချက်သည် အက်ရှင်အေ့ဒ်၏ နိုင်ငံတကာအဆင့် ဖီးမီးနစ်အတွေးအခေါ်အား ယုံကြည်လက်ခံခြင်းမှ ပေါ်ထွက်လာခြင်းဖြစ်ပြီး၊ ဆန်းစစ်သုံးသပ်မှုဆိုင်ရာ မူဘောင် နှင့် အစီအစဉ်များ၊ မူဝါဒ ရေးရာ နှင့် သုတေသနဆိုင်ရာ ချဉ်းကပ်မှုများ၏ လူမှုအပြောင်းအလဲဆိုင်ရာ မဟာဗျူဟာလည်း ဖြစ်သည်။ ယင်းအစီအစဉ်များတွင် ပါဝါမျှဝေခြင်းကို ကြိုးပမ်းဆောင်ရွက်ပြီး၊ ကျွန်ုပ်တို့ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းစဉ်တိုင်းတွင် ထိတွေ့ဆက်ဆံရသည့် အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များ၏ အကျိုးစီးပွားများ၊ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊ တာဝန်ခံပေးခြင်းတို့လည်း ပါဝင်သည်။

အမျိုးသမီးများ နှင့် လူငယ်များ၏ အမြင်ရှုထောင်များကို ဦးစားပေးထားသည့် သုတေသနများကို အက်ရှင်အေ့ဒ်က လုပ်ဆောင်လျက်ရှိပြီး၊ ၎င်းတို့၏ အသိပညာများကို အတည်ပြုပေးကာ၊ ၎င်းတို့အား ဆုံးဖြတ်ချက်ချနိုင်သူများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် အပြောင်းအလဲကို ၎င်းတို့ကိုယ်တိုင် ဖော်ဆောင်နိုင်မည်ဖြစ်သည်။[42] သရုပ်လက္ခဏာများ စုဆုံသည့် ဖီးမီးနစ် မူဘောင်ကို အခြေခံလျက် ဂျန်ဒါသည် လူမှုရေးတည်ဆောက်မှုဆိုင်ရာ မညီမျှမှုများတွင် သီးခြားတည်ရှိနေသည့် အခြေခံအချက်တစ်ခု မဟုတ်သည်ကို လက်ခံထားသည်။ ပါဝါနှင့် ဦးစားပေးခံရမှုများကို မတူကွဲပြားသော အမျိုးသမီး အုပ်စုများသည် ကွဲပြားခြားနားစွာ ခံစားကြရပြီး၊ ၎င်းတို့၏ သမိုင်းကြောင်း၊ နောက်ခံ အကြောင်းအရင်းများကို လိုက်၍ ကွဲပြားကြသည်။[43] ဤအချက်က ကျွန်ုပ်တို့၏ လူသားချင်းစာနာမှုဆိုင်ရာ အစီအစဉ်များကို အထောက်အပံ့ပြုပေးနိုင်ပြီး၊ ပါဝါ ချိန်ခွင်လျှာပြောင်းလဲခြင်း၊ ဒေသခံလူမှုအသိုက်အဝန်းများကို တာဝန်ခံခြင်း၊ အမျိုးသမီးများ နှင့် လူငယ်များ၏ ဦးဆောင်မှုကို ဦးစားပေး ခြင်းများသည် တန်းတူညီမျှမှုမရှိသည့် စနစ်များ၊ တည်ဆောက်မှုများ နှင့် ၎င်းတို့အား ဆက်လက် အထောက်အပံ့ ဖြစ်နေစေသည့် အရာများကို ချေဖျက်ခြင်းလည်း ဖြစ်သည်။[44] ဆိုလိုသည်မှာ ဤသုတေသနချဉ်းကပ်မှုတွင် အားလုံးပါဝင်နိုင်ခြင်း၊ ပြုလွယ်ပြင်လွယ်ရှိခြင်း၊ ဖီးမီးနစ်ရှုထောင့်ကို ထည့်သွင်းခြင်းများ ပါဝင်ပြီး၊ အားလုံးလွှမ်းခြုံနိုင်သည့် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များကို ဖော်ထုတ်ထားပြီး၊ သုတေသနမေးခွန်းကိုလည်း သုတေသနတွင် ပါဝင်ဖြေဆိုသူများနှင့်အတူ ဖော်ထုတ်ထားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ အစီအစဉ်တကျ ရေးဆွဲထားသော မူဘောင် နှင့် အက်ရှင်အေ့ဒ်၏ လူသားချင်းစာနာမှုဆိုင်ရာ အမှတ်လက္ခဏာများသည် ဖီးမီးနစ် အခြေခံမူများအပေါ် အခြေခံထားပြီး၊ အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများ နှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်၍ ဒေသခံလူမှုအသိုက်အဝန်းများအတွင်း ပါဝါချိန်ခွင်လျှာ ပြောင်းလဲရောက်ရှိ စေနိုင်မည့် အတွေ့အကြုံများ၊ အသိပညာများဖြင့် အထောက်အကူပြု ထားသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ပဋိပက္ခ၏ သက်ရောက်မှုကို ခံရသည့် အမျိုးသမီးများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုကို မြှင့်တင်ခြင်းအားဖြင့် သက်ရောက်မှုခံရသည့် လူမှုအသိုက်အဝန်းများအပေါ်တွင် တာဝန်ခံမှု ရှိနေစေခြင်း ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ၏ လက်တွေ့ဘဝမှ အခြေအနေများနှင့် လိုအပ်ချက်များကို အဓိပ္ပါယ် ပြည့်ဝစွာ တုံ့ပြန်ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ ဤသို့ ကြိုးပမ်းမှုသည် ရေရှည် စဉ်ဆက်မပြတ်ဖြစ်မှု နှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကို အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး၊ ၎င်းတို့၏ လူမှုအသိုက်အဝန်းများအကြား ဖြစ်ပေါ်နေသည့် မညီမျှမှုများ၏ အခြေခံ အကြောင်းအရင်းများ ကိုလည်း ဖော်ထုတ်ဖြေရှင်းခြင်း ဖြစ်သည်။[45]

# ၂။ သုတေသနတွေ့ရှိချက်များ

နိုင်ငံတကာမှ ပါဝင်လုပ်ဆောင်နေသူများ အနေဖြင့် လူသားချင်း စာနာမှု အကူအညီပေးရေး၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များအကြား ကဏ္ဍပိုင်းခြား လုပ်ဆောင်လျက်ရှိသည့်တိုင်၊ ဤသုတေသနစာတမ်းတွင် ပါဝင်ပြောကြား ဆွေးနွေးခဲ့ကြသည့် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများသည် ရာသီဥတုပြောင်းလဲခြင်း၊ ပဋိပက္ခ နှင့် အရေးပေါ်အခြေအနေဆိုင်ရာ ကိစ္စရပ်များကဲ့သို့ ဘေးအန္တရာယ်များကို သုံးပွင့်ဆိုင်မူဘောင်မှ တစ်ဆင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ ဤသုတေသန၏ တွေ့ရှိချက်များကို တင်ပြရာတွင် (က) ဂျန်ဒါတန်းတူညီမျှမှုရှိစေရန် မူဝါဒ နှင့် စနစ်ဆိုင်ရာ အခြေပြု ပြောင်းလဲမှု အစီအစဉ်များ နှင့် မညီမျှမှုများကို ဖြစ်ပေါ်စေသည့် စနစ်ယန္တရားများ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ မညီမျှမှုများကို ချေဖျက်ခြင်းဖြင့် ကဏ္ဍစုံ ပေါင်းစပ်ပါဝင်သည့် သုံးပွင့်ဆိုင် မူဘောင်ကို အထောက်အကူပြုခြင်း၊ (ခ) သုံးပွင့်ဆိုင်မူဘောင်အား လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ခြင်း (ဂ) ရေရှည်တည်တံ့ခိုင်မြဲသည့် အပြောင်းအလဲများအတွက် နည်းလမ်းများ ဖော်ထုတ်ခြင်း တို့ပါဝင်သည်။

## ၂.၁။ ဂျန်ဒါတန်းတူညီမျှမှုရှိစေရန် မူဝါဒ နှင့် စနစ်ဆိုင်ရာ အခြေပြု ပြောင်းလဲမှု အစီအစဉ်များသည် ပဋိပက္ခ နောက်ခံအခြေအနေရှိသည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ မညီမျှမှုများကို ချေဖျက်ပေးပြီး၊ ပေါင်းစပ်ပါဝင် သည့် သုံးပွင့်ဆိုင်မူဘောင်ကို အထောက်အကူပြုပေးနိုင်ခြင်း

တွေ့ရှိချက်များအရ သိရသည်မှာ ပဋိပက္ခများကို တုံ့ပြန်ဆောင်ရွက်ကြရာတွင် တည်ဆဲ ဂျန်ဒါ မညီမျှမှုများကို ထည့်သွင်းစဉ်းစားခြင်း မပြုကြသည့်အတွက် အစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော်သည့်အခါ ဂျန်ဒါ ရှုထောင့်သည် လစ်ဟာလျက်ရှိပြီး၊ အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများနှင့် သက်ဆိုင်သည့် အထောက်အပံ့များသည် ဦးစားပေးမခံကြရပေ။ ယင်းအချက်သည် နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများအကြား ခွဲခြားဆက်ဆံမှု၏ အကြောင်းအရင်း များကို နားလည်ရာတွင် လိုအပ်လျက်ရှိသည့် နားလည်မှုဆိုင်ရာ လစ်ဟာချက်ဖြစ်ပြီး၊ ရေတို အသက်ကယ်ဆယ်ရေး လုပ်ငန်းများ၊ လူသားချင်းစာနာမှု အထောက်အကူများကို ကျော်လွန်သည့် အစီအစဉ်များကို ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း ပြဆိုလျက်ရှိသည်။

အရေးပေါ် အခြေအနေများတွင် အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များ ကြုံတွေ့ကြရသည့် စနစ်ဆိုင်ရာ မညီမျှမှုများ၏ အကြောင်းအရင်းများကို အသိအမှတ်ပြုခြင်း၊ ဖော်ထုတ်ခြင်းအားဖြင့် ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် ဂျန်ဒါတန်းတူညီမျှရေး စနစ်၊ မူဝါဒ၊ ဖွဲ့စည်းပုံများရှိသော လူသားချင်းစာနာမှုအကူအညီပေးရေး အစီအစဉ် များကို ထိရောက်သည့် နည်းလမ်းများဖြင့် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်မည် ဖြစ်သည်။[46] ဤအချက်သည် ဂျန်ဒါ စံနှုန်းများ၊ မညီမျှမှုများကို ဖော်ထုတ်သည့် သုံးပွင့်ဆိုင် မူဘောင်အတွက် အဓိကကျသောစမှတ်ဖြစ်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ကဏ္ဍ၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေး ကဏ္ဍတို့ကြား ညီညွတ်မှုရှိသည့် ဦးတည်ချက်များကို ဖြစ်ပေါ်လာစေကာ၊ အန္တရာယ်များ၊ ထိခိုက်လွယ်မှုများကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ကြိုတင်ကာကွယ်တားဆီး ရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ဤကဲ့သို့ လုပ်ဆောင်နိုင်ရန် အတွက် ဒေသအဆင့်၊ နိုင်ငံအဆင့်တွင် ရင်ဆိုင်ရသည့် စနစ်ဆိုင်ရာ မညီမျှမှုများ၊ စီးပွားရေးဆိုင်ရာမညီမျှမှုများ နှင့် ၎င်းတို့ကြားရှိ အချိတ်အဆက်ကို နားလည်ရန် အရေးကြီးသည်။

### စနစ်ဆိုင်ရာ မညီမျှမှုများ နှင့် လူ့အဖွဲ့အစည်းအတွင်းရှိ တံဆိပ်ကပ်ခြင်းများ

ဤသုတေသနတွင် တွေ့ရှိချက်များရ နိုင်ငံတစ်ခုချင်းစီတွင်ရှိသည့် လူ့အဖွဲ့အစည်းအတွင်းမှ တံဆိပ်ကပ်ခြင်းများနှင့် ဖိုဝါဒကြီးစိုးမှု သဘောထားများက အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များအား ပဋိပက္ခများအတွင်း ပို၍ ထိခိုက်လွယ်သူများဖြစ်စေရန် တွန်းပို့လျက်ရှိပြီး၊ ထိုအကြောင်းခြင်းရာများမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ အခွင့်အရေးများအား နားမလည်စေဘဲ၊ အမျိုးသားများနှင့် အမျိုးသားငယ်များ၏ အဆင့်အတန်း၊ လိုအပ်ချက်များကိုသာ လူမှု အသိုက်အဝန်းအတွင်း ဦးစားပေးသည့် လူမှုစံနှုန်းများအား လက်ခံစေရန် တွန်းအားပေးလျက်ရှိသည်။ သုတေသနတွင် ပါဝင်သူများ၏ ထွက်ဆိုချက်များအရ လက်ဘနွန်နိုင်ငံတွင်



အက်ရှင်အေ့ဒ်မှ ကိုယ်ထူကိုယ်ထ အမျိုးသမီးအဖွဲ့များကို ကျေးရွာဖွံ့ဖြိုးရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ရေရှည် တည်တံ့ရေးတို့အတွက် ဖွဲ့စည်းခဲ့သည် (၂၀၁၉)

Photo: Naw Thaw Thaw Moo/ActionAid


Photo: ActionAid

ဟေတီနိုင်ငံမှ အမျိုးသမီးများက
ကိုဗစ် - ၁၉ ရောဂါမှ ကာကွယ်ရန်အတွက်
နှာခေါင်းစည်းတပ်ရန် အသိပညာပေးနေပုံ (၂၀၂၀)

> **"အမျိုးသားနှင့် အမျိုးသမီးများသည် ပဋိပက္ခကို တူညီစွာ ရင်ဆိုင်ကြရ သော်လည်း ထိခိုက်ခံရမှုမှာမူ တန်းတူမဟုတ်ကြပါ။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များမှာ အန္တရာယ်ကို ပို၍ ခံစားကြရသည်" ဟု သိရသည်။**

ဟေတီနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်များ၏ ဖွင့်ဟပြောဆိုချက်များအရ နိုင်ငံအတွင်းရှိ အမျိုးသမီးများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရန်ပို၍ အခွင့်အလမ်းများသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုကဏ္ဍများ၏ နေရာအများစုတွင် လုပ်ကိုင်လျက်ရှိသောကြောင့် ဖြစ်သည်။ ထို့အတူပင် မြန်မာနိုင်ငံမှ ပါဝင်ဖြေဆိုသူများကလည်း အရေးအပေါ် အခြေအနေဖြစ်ပွားအပြီး ကုန်ဈေးနှုန်းကြီးမြင့်လာမှုက အမျိုးသမီးများကို ပို၍ ပြင်းထန်စွာ ရိုက်ခတ်ခံစားရစေသည်။ အကြောင်းမှာ ၎င်းတို့သည် အိမ်မှုကိစ္စများကို တာဝန်ယူကြရပြီး၊ ၎င်းတို့၏ မိသားစုများ၏ စားဝတ်နေရေးအတွက် အစားတစ်နပ် လျှော့စားကြရသည့် အခြေအနေများ ကြောင့်ဖြစ်သည်။

ဂျန်ဒါမညီမျှမှုသည် အခြားသော ခွဲခြားဆက်ဆံမှုများဖြစ်သည့် လိင်စိတ်ခံယူမှု၊ ဂျန်ဒါ ခံယူမှု၊ အသက်အရွယ်၊ လူမျိုးစု သို့မဟုတ် မသန်စွမ်းဖြစ်မှု တို့နှင့်လည်း ဆက်စပ်ဖြစ်ပေါ်နေသည်။ ဤအချက်ကို မြန်မာနိုင်ငံမှ ပါဝင်ဖြေကြားသူများက ထုတ်နုတ်ပြောဆိုခြင်းဖြစ်သည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများနေထိုင်သည့် စခန်းများတွင် အချို့သော လူပုဂ္ဂိုလ်များ နှင့် လူနည်းစုများသည် ခွဲခြားဆက်ဆံခံရခြင်း၊ ပိုမိုပြင်းထန်သော ဖယ်ကျဉ်မှုများရှိခြင်း၊ အများပြည်သူဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ မရရှိနိုင်ခြင်း တို့ကို ခံစားကြရသည်။ အမျိုးသမီးအခွင့်အရေးလုပ်ဆောင်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ဖြေကြားချက်များအရ LGBTQ+ အမျိုးသမီးများသည် ခွဲခြားဆက်ဆံခံရမှုများကြောင့် လှုပ်ရှားမှုများတွင် ပါဝင်မှုပမာဏ နည်းပါးလျက်ရှိသည်။ ယင်းအချက်ကြောင့် ၎င်းတို့၏ လိုအပ်ချက်များကို နားလည်ရန်နှင့် ၎င်းတို့အား ကူညီထောက်ပံ့ရန် ရင်းမြစ်များ ပေါင်းစုံးအသုံးပြုခြင်းများတွင် အခက်အခဲ ကြုံတွေ့ကြရသည်။ သရုပ်လက္ခဏာများစုဆုံခြင်းမှ ဖြစ်ပေါ်လာသည့် လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်မှုများ မလုပ်ပါက ဖယ်ထုတ်ခွဲခြားခြင်းခံရသူများသည် ပဋိပက္ခမတိုင်မီ၊ ပဋိပက္ခကာလအတွင်းနှင့် ပဋိပက္ခ ပြီးဆုံးချိန်များတွင် အကြီးမားဆုံး အန္တရာယ်များကို ခံစားကြရသည်။ ထိုသို့ ခံစားကြရသည့်အတွက် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လိုအပ်ချက်များကို ပိုမိုကြီးမားစွာ ဖြစ်ပေါ်လာစေနိုင်သည့် အန္တရာယ်ရှိသည်။

## စီးပွားရေးဆိုင်ရာမညီမျှမှု နှင့် အကန့်အသတ်ရှိသော လူမှုရေး အကာအကွယ်

အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များသည် အလုပ်အကိုင် နှင့် ပညာရေးကဏ္ဍများတွင် လုံခြုံမှုမရှိခြင်းကို ရင်ဆိုင်နေရပြီး၊ ပဋိပက္ခများ ဖြစ်ပွားသည့်အခါ ၎င်းတို့သည် လုပ်ငန်းခွင် သို့မဟုတ် ပညာရေးစနစ်မှ ပထမဆုံး ဖယ်ထုတ်ခံရသူများ ဖြစ်လာကြသည်။[47] ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများအနေဖြင့် အတည်တကျ မရှိသည့် အလုပ်အကိုင်များတွင် ပိုမိုလုပ်ကိုင်နေကြရပြီး၊ မြန်မာနိုင်ငံမှ ဖြေဆိုသူများ၏ အချက်အလက်များအရ အမျိုးသမီးများသည် အထည်ချုပ်လုပ်ငန်းကဲ့သို့သော မရေရာသည့် အလုပ်ခွင်များတွင်သာ လုပ်ကိုင်နေကြ ရသည်။ အပြင်မထွက်ရ သတ်မှတ်ချက်ကာလများတွင် ကျောင်းများ ပိတ်ထားခြင်းကြောင့် အမျိုးသမီးများ၏ တာဝန်များ ပိုမိုများပြားလာကာ ကလေးငယ်များ၏ ပညာရေးဆိုင်ရာ တာဝန်များသည် အမျိုးသမီးများအပေါ် ကျရောက်လာသည်။ လက်ဘနွန်နိုင်ငံမှ ပါဝင်ဖြေဆိုသူများ၏ အချက်အလက်များအရ "အမျိုးသမီးများသည် အလုပ်အကိုင် နှင့် အွန်လိုင်းပညာရေးကြားတွင် မျှခြေကို ရှာဖွေကြရသည့် တာဝန်ကို ယူကြရသည်" ဖြစ်ရာ၊ "အမျိုးသမီးများအပေါ်တွင် တာဝန်များ စုပြုံကျရောက်ခဲ့သည်"။

ဟေတီနိုင်ငံ နှင့် ဆိုမာလီယာနိုင်ငံတို့ရှိ ဖြေဆိုသူများက သီးနှံများ ဆုံးရှုံးခြင်းကြောင့် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ ပိုမိုကြီးမားလာကာ စိုက်ပျိုးရေး အခြေခံသည့် ဒေသများတွင် အမျိုးသမီးများ၏ အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများ လျော့နည်းလာခဲ့ကြောင်း စိုးရိမ်ပူပန်စွာ ပြောကြားခဲ့သည်။ ယင်းအခြေအနေသည် အမျိုးသမီးများ၏ လွတ်လပ်မှု နှင့် ရေရှည် အနာဂတ်ဆိုင်ရာ ရည်မှန်းချက်များအတွက် များစွာ ထိခိုက်ခဲ့သည်။ ရလဒ်အနေဖြင့် အလုပ်အကိုင် မျှော်မှန်း ချက်များ နည်းပါးလာသည်နှင့်အမျှ အမျိုးသမီးများသည် အမြတ်ထုတ်ခံရသည့် အလုပ်အကိုင်များ၊ အခြေအနေများ ထံသို့ တွန်းပို့ခံကြရကာ၊ အချို့အခြေအနေများတွင် ဖိအားပေး၍ လက်ထပ်ထိမ်းမြားစေခြင်းနှင့် လိင်လုပ်သားများအဖြစ်သို့ ရောက်ရှိသွားကြရသည်ဟု ဆိုမာလီယာမှ ဖြေဆိုသူများက ဖော်ထုတ်ခဲ့ကြသည်။ ပဋိပက္ခ အခြေအနေများကြောင့် အမျိုးသမီးငယ်များအား သတို့သမီးများအဖြစ် ဖိအားပေးမှုများ များပြားလာခဲ့သည်ကို ဆိုမာလီယာမှ ပါဝင်ဖြေဆိုသူများက ၎င်းတို့၏ စိုးရိမ်မှုကို ဖော်ပြခဲ့ သည်။ ထို့ပြင် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွင်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်ရန် အမျိုးသမီးငယ်များအား လက်ဝယ်လွှဲပြောင်းခြင်းများ ပြုလုပ်ခဲ့ပြီး၊ ၎င်းတို့၏ အခွင့်အရေးများကိုမူ လျစ်လျူရှုခဲ့ကြသည်။

## ဂျန်ဒါအခြေပြု အကြမ်းဖက်မှုအား ပိုမိုပြင်းထန်လာစေခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ အခွင့်အရေးအား ဦးစားပေးအဆင့် လျှော့ချခြင်း

အရေးပေါ် အခြေအနေများတွင် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ မြင့်မားလာခြင်းသည် ဖြစ်လေ့ဖြစ်ထရှိပြီး၊ ကောင်းစွာမှတ်တမ်းတင်ထားနိုင်သည့် အကြောင်းအရာလည်း ဖြစ်ပါသည်။[48] နိုင်ငံ ၄ နိုင်ငံလုံး၏ အခြေအနေများတွင် ပဋိပက္ခများ ဖြစ်ပွားချိန်အတွင်း ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ မြင့်မာလာခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများ နည်းပါးလာခြင်းတို့ကို စိုးရိမ်ဖွယ်ရာ အကောင်းဆုံး ကဏ္ဍများအဖြစ် သတ်မှတ်ကြပြီး၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အန္တရာယ်များသည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကြားတွင် ဖြစ်ပေါ်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုများကို ဖော်ထုတ်ရာတွင် ၂၀၂၀ ခုနှစ်၌ Beirut Blast နှင့် ဆက်စပ်ဖြစ်ပွားသော စီးပွားရေးအကြပ်အတည်းကာလ၌ "အကြမ်းဖက်မှု ပုံစံမျိုးစုံဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ" မြင့်မားလာခဲ့သည်ဟု လက်ဘနွန်နိုင်ငံမှ ဖြေဆိုသူများက ပြောဆိုသည်။ မြန်မာနိုင်ငံမှ ပါဝင်သူများကလည်း ပဋိပက္ခ ဖြစ်ပွားနေချိန် ကာလတွင် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ များပြားလာပြီး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များသည် အများပြည်သူဆိုင်ရာ နေရာများတွင် ဖြစ်စေ၊ ပုဂ္ဂလိက နေရာများတွင် ဖြစ်စေ မလုံခြုံမှုများကို ခံစားလာ ကြရသည်။

> "အမျိုးသမီးများနှင့် အမျိုးသမီးငယ်များသည် ၎င်းတို့၏ ဂျန်ဒါအပေါ်တွင် မူတည်၍ အိမ်တွင်း နှင့် အိမ်ပြင်ပ နေရာများတွင် အကြမ်းဖက်ခံကြရသည်။ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ နှုန်းစံများ နှင့် လူ့အဖွဲ့အစည်း အတွင်းမှ ပုံသေကားကျအယူအဆများကြောင့် ၎င်းတို့သည် ဖိနှိပ်ခံကြရသည်။"

ဆိုမာလီယာနိုင်ငံတွင် အလုပ်သမား နှင့် လူမှုရေးရာ ဝန်ကြီးဌာန၏ စစ်တမ်းအရ ရေရှားပါးမှု အခြေအနေများကြောင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု ၂၅ ရာခိုင်နှုန်းထိ တိုးမြင့်လာကြောင်း သိရသည်။ ထိုသို့ တိုးမြင့်လာရာတွင် အိမ်တွင်းအကြမ်းဖက်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အရွယ်မတိုင်မီ အိမ်ထောင်ပြုစေမှုများ၊ အတင်းအကြပ်အိမ် ထောင်ပြုစေမှုများ နှင့် အမျိုးသမီးများအတွက် ရင်းမြစ်များအား တားဆီးခြင်းများ ပါဝင်သည်။

အရေးအပေါ် အခြေအနေဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ချိတ်ဆက်နေသည့် အစီအစဉ်ရေးဆွဲရေး လုပ်ငန်းစဉ်များသည် အမျိုးသားများကြီးစိုးပြီး၊ စစ်ဘက်ဆိုင်ရာ ရှုထောင့်များဖြင့် ပြည့်နှက်လျက်ရှိသည်။ ထို့ကြောင့် အမျိုးသမီးဒုက္ခသည်များ နှင့် အမျိုးသမီး နေရပ်စွန့်ခွာထွက်ပြေးသူများအကြားတွင် အဓမ္မပြုကျင့် ခံရမှုများ မြင့်မားလာသည်။ ကျူးလွန်ခံရသည့် အမျိုးသမီးများအနေဖြင့်လည်း မည်သည့် ယန္တရားများကို အသုံးပြု၍ တိုင်ကြားရမည်၊ အထောက်အကူများ ရရှိနိုင်ရန် မည်သို့ဆောင်ရွက်ရမည်ကို မသိနိုင်ကြပါ။ မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထပ်မံရောက်ရှိလာခြင်းကို သတိ ထားခြင်း၊ ခုခံခြင်းများဖြင့် ပြန်လည်တုံ့ပြန် နေခြင်းသည် ယင်းအဖွဲ့များကျူးလွန်နိုင်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုအန္တရာယ်များကို မီးမောင်းထိုးပြနေပါသည်။ သုတေသနတွင် ပါဝင်သူတစ်ဦးက "အကြမ်းဖက်မှုဖြစ်ရင် ဘယ်ကိုသွားပြီး အကူအညီတောင်းရမှန်း မသိတော့ဘူး" ဟု ဖော်ထုတ်ခဲ့ပြီး၊ "ဂျန်ဒါအခြေပြုအကြမ်းဖက်မှုဖြစ်ရင် ဘာမှလုပ်လို့မရဘူး" ဟုလည်း ပြောဆိုခဲ့ပါသည်။ ယဉ်ကျေးမှု စံနှုန်းများနှင့် ပြစ်တင်ပြောဆိုမှုများ ကြောင့် ဆိတ်ဆိတ်နေမှုအလေ့အထဖြစ်ပေါ်လာခြင်း၊ အစီရင်ခံမှု ယန္တရားများ လုံလောက်စွာ မရှိခြင်း တို့ကြောင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုမှ ရှင်သန်ကျန်ရစ်သူများသည် အဖြစ်အပျက်များကို အစီရင်ခံ နိုင်ခြင်း မရှိသည်ကို အခြေအနေအားလုံးတွင် တွေ့ရှိခဲ့ပါသည်။

သုတေသနတွင် ပါဝင်သူများသည် အမျိုးသမီးများနှင့် မိန်းကလေးအနေဖြင့် အဓိကထား၍ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ၊ သီးခြားကျန်းမာရေးလိုအပ်ချက်များအထူးသဖြင့် လိင်နှင့်မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာအခွင့်အရေး (SRHR) ကို လက်လှမ်းမီမှုကို ပဋိပက္ခများက မည်သို့အဟန့်အတားဖြစ်စေကြောင်းများ ဆွေးနွေးခဲ့ကြသည်။

> "တချို့စခန်းတွေမှာ အမျိုးသမီးတွေ ဓမ္မတာလာချိန်မှာ သုံးဖို့ အမျိုးသမီး အသုံးအဆောင်ပစ္စည်းတွေ မရှိဘူး၊သူတို့မှာ ဓမ္မတာအတွက် အသုံးပြုရတဲ့ ပစ္စည်းတွေ အလုံအလောက်မရှိပါဘူး" ဟု မြန်မာနိုင်ငံမှ အမျိုးသမီးတဦးက ပြောသည်။

အရေးပေါ်အခြေအနေများတွင် ကုန်ဈေးနှုန်းများတက်ကာ၊ အိမ်အသုံးစရိတ်များသည်လည်း ကိုဗစ်-၁၉ ကာလအတွင်း တစ်ဦးချင်းကာကွယ်မှုအတွက် လိုအပ်သည့် အခြားသော ရင်းမြစ်များအတွက် အသုံးပြုကြရသည်ဖြစ်ရာ အမျိုးသမီးများ၏ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများအတွက် အသုံးစရိတ် နည်းပါးလာကြောင်း အစီရင်ခံစာများတွေ့ရှိရသည်။ လက်ဘနွန်မှ သုတေသနတွင် ပါဝင်သူတစ်ဦးက အဆိုပါပြဿနာကို မူဝါဒချမှတ်သူများက 'လျစ်လျူရှုခြင်း' ကြောင့်ဖြစ်ပြီး ရလဒ်အနေဖြင့် "အမျိုးသမီးများသည် တစ်ကိုယ်ရေသုံးပစ္စည်းများကို ဝယ်ယူရန် မတတ်နိုင်တော့ပါ" ဟု ပြောကြားခဲ့သည်။

## အရေးပေါ်အခြေအနေများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး နှင့် စိတ်ကျန်းမာရေး

ပြင်ပဖိအားများ ကြီးထွားလာကာ ပံ့ပိုးကူညီမှု ကျဆင်းလာခြင်းကြောင့် အကျပ်အတည်းကာလများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ စိတ်ကျန်းမာရေး လိုအပ်ချက်များလည်း တိုးလာပါသည်။ ပါဝင်သူများသည် အရေးပေါ်အခြေအနေများအတွင်း အမျိုးသမီးများ၏ ကြီးမားသော စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးရှိသည်ကို ပြောဆိုကြပြီး၊ မိသားစုက ဖိအားပေးမှုများကြောင့် ထုံးတမ်းအစဉ်အလာအရ စောင့်ရှောက်မှုပေးသူများအဖြစ် တာဝန်များက အချိုးမညီမျှစွာ လုပ်ဆောင်ရသည့် သက်ရောက်မှုများ ရှိလေ့ရှိသည်။ မြန်မာနိုင်ငံမှ အမျိုးသမီးတစ်ဦး က "အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးသည် တူညီသော စိုးရိမ်ပူပန်မှုနှင့် မလုံခြုံမှုများအောက်တွင် နေထိုင်ကြသော်လည်း အမျိုးသမီးများအပေါ်တွင် ဤဝန်ထုပ်ဝန်ပိုးများ ပိုမိုဖိစီးလာကြောင်း" မှတ်ချက်ပေးခဲ့ပြီး လက်ဘနွန်တွင် "အမျိုးသမီးများ ပေါက်ကွဲမည့်အချိန်တစ်ခုအထိ ဖိအားအားလုံးကို ခံရသည်" ဟု မှတ်ချက်ပေးခဲ့သည်။ နိုင်ငံတိုင်းတွင် စိတ်ကျန်းမာရေးဝန်ဆောင်မှုများ ပိုမို ဖော်ဆောင်ပေးရန် တိုက်တွန်းတောင်းဆိုမှုများ တိုးလာကြောင်း အစီရင်ခံတင်ပြခဲ့သည်။ သို့သော်လည်း စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ ပေးရန် တသမတ်တည်း ရန်ပုံငွေမရှိခြင်းကြောင့် ပံ့ပိုးကူညီမှု ရရှိမှုမှာ အပြောင်းအလဲမြန်ပြီး အကန့်အသတ် များစွာ ရှိနေသည်။

ဤအချက်က သုံးပွင့်ဆိုင်မူဘောင်အတွက် အဘယ်ကြောင့် အရေးပါသနည်း။ ကျွန်ုပ်တို့၏ သုတေသန ပြုချက်သည် ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အချိုးမညီစွာ ထိခိုက်စေသည်ကို မီးမောင်းထိုးပြထားပြီး၊ ဆက်လက်လုပ်ဆောင်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များသည် ယင်းအချက်ကို ထည့်သွင်းစဉ်းစားထားခြင်း မရှိကြောင်း အမျိုးသမီး အခွင့်အရေး အဖွဲ့အစည်းများ နှင့် အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်း များက ဖော်ထုတ်ထားကြသည်။ ထိုသို့သော အခြေအနေများအတွင်း ကြုံတွေ့နေရသည့် ဂျန်ဒါမညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းမှန်သမျှကို ထိခိုက်စေပါသည်။ ပဋိပက္ခ အခြေအနေတစ်ခုအတွင်း ယင်းအခြေအနေများကို တိုးမြှင့်ပြီး မဖြေရှင်းနိုင်သည့်အခါတွင် ဖွံ့ဖြိုးတိုးတက်မှု နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ လှုပ်ရှားမှုများကို အဓိပ္ပါယ်ပြည့်ဝစွာ ဖော်ဆောင်ရန် ပိုမိုခက်ခဲလာမည် ဖြစ်သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ၏ လတ်တလောနှင့် ရေရှည်တွင် မတူကွဲပြားသော အမျိုးသမီးများနှင့် အမျိုးသားအုပ်စုများကို ကွဲပြားစွာ အကျိုးသက်ရောက်စေသည့် အတိုင်းအတာကို နားလည်ခြင်းသည် ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး လှုပ်ရှားမှုများကို ဖြတ်ကျော်သည့် ပေါင်းစပ်ချဉ်းကပ်မှု တစ်ရပ်ကို ဖော်ဆောင်နိုင်ရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်သည်။ ဥပမာအားဖြင့်၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုသည် လူမှုအသိုင်းအဝိုင်းအတွင်း မတည်မငြိမ်ဖြစ်အောင်၊ တည်ဆောက်ထားသည့် ယုံကြည်မှုကို မည်ကဲ့သို့လျှော့ချနိုင်သည်ကို သိရှိနားလည်ခြင်း (နိုင်ငံတော်၏ လုံခြုံရေးတပ်ဖွဲ့များက ထိုသို့သော အကြမ်းဖက်မှုများကို ကျူးလွန်သောအခါ)၊ အမျိုးသမီးများ၏ မမျှတသော အသက်မွေးဝမ်းကြောင်းမှုနှင့် စီးပွားရေးပါဝင်မှုသည် လူမှုအသိုင်းအဝိုင်းအတွင်း စီးပွားရေးတိုးတက်မှုနှင့် ပြန်လည်ထူထောင်ရေးကို မည်သို့ထိခိုက်စေသည်ကို နားလည်ခြင်းဖြင့် ဂျန်ဒါ ခွဲခြမ်းစိတ်ဖြာမှုသည် မရှိမဖြစ်လိုအပ်သည့် အကြောင်းရင်းကို ဖော်ပြလျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီ တစ်ခုတည်းကို ပံ့ပိုးပေးခြင်းသည် စနစ်အတွင်း မညီမျှမှုများ၏ အရင်းခံအကြောင်းတရားများကို မဖြေရှင်းဘဲ လူ့အဖွဲ့အစည်းအတွင်း ပိုမိုကျယ်ပြန့်သော ကြံ့ကြံ့ခံနိုင်ရည်ရှိမှု၊ ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ငြိမ်းချမ်းမှု တိုးမြင့်လာမှုတို့အတွက် အဓိပ္ပာယ်ရှိသော ပြောင်းလဲမှုကို ဖြစ်စေမည်မဟုတ်ပေ။

စနစ်ဆိုင်ရာ မညီမျှမှုများ၊ စီးပွားရေးမညီမျှမှုများကို ခွဲခြမ်းစိတ်ဖြာခြင်းမပြုဘဲ အရေးပေါ်အခြေအနေ များတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ရင်ဆိုင်ကြုံတွေ့နေရသည့် မမျှတသော အကြမ်းဖက်မှုများကို လျစ်လျူရှုခြင်းဖြင့် ကျွန်ုပ်တို့သည် အပြောင်းအလဲအတွက် အရေးကြီးသောအခွင့်အရေးများကို ဆုံးရှုံးစေပါသည်။ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ကဏ္ဍများအတွင်း မတူညီသော ပါဝင်လုပ်ဆောင်ကြသူများသည် ဂျန်ဒါစံနှုန်းများနှင့် မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရန် မည်ကဲ့သို့ပူးပေါင်းလုပ်ဆောင်နိုင်သည်ကို ဆန်းစစ်ခြင်းသည် ၎င်းတို့၏ လုပ်ငန်းများ အတွင်း ပိုမိုကောင်းမွန် ခိုင်မာမှုရှိလာစေမည့် ပထမ ခြေလှမ်းပင် ဖြစ်ပါသည်။ ဂျန်ဒါတန်းတူညီမျှမှုရှိစေရန် မူဝါဒနှင့် တည်ဆောက်မှု စနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆန်းစစ်သုံးသပ်မှုတွင် ဂျန်ဒါ စံနှုန်းများနှင့် မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းသည့် သုံးပွင့်ဆိုင်မူဘောင် ချဉ်းကပ်မှုအတွက် အရေးပါသည့် အစမှတ်ကို ပေးစွမ်းနိုင်ပြီး၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုတို့အကြား ပေါင်းစပ်ညီညွတ်မှု၏ အရင်းခံရည်ရွယ်ချက်ကို ပံ့ပိုးပေးပါသည်။

## ၂.၂။ သုံးပွင့်ဆိုင်မူဘောင်အား လက်တွေ့အကောင်အထည် ဖော်ခြင်း

**ကျွန်ုပ်တို့ စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံလေးခုတွင် အမျိုးသမီးအခွင့်အရေးလုပ်ဆောင်သည့် အဖွဲ့အစည်းများ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများ အနက်မှ ၉၅% သည် ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများကို ပံ့ပိုးကူညီရာတွင် လုပ်ဆောင်နေသော INGO များကြား ပိုမိုကောင်းမွန်သော ချိတ်ဆက်မှုများ လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။**

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း များသည် လျင်မြန်သော အရေးပေါ်အခြေအနေများကို တုံ့ပြန်လေ့ရှိကြပြီး ရေရှည်တုံ့ပြန်မှုနှင့် ခံနိုင်ရည်တည်ဆောက်ရေးကို မစဉ်းစားကြကြောင်း ရှုမြင်ခံကြရသည်။ တုံ့ပြန်ရေး စီမံချက်ရေးဆွဲခြင်းနှင့် လက်တွေ့ အကောင်အထည်ဖော်ခြင်းတွင် ပါဝင်သူများအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များအား နားလည်သဘောပေါက်မှု အားနည်းခြင်းကိုလည်း သုတေသနပါဝင်သူများမှ မီးမောင်းထိုးပြကြပြီး၊ အထူးသဖြင့် အရေးပေါ် အခြေအနေများတွင် နိုင်ငံတကာ နှင့် နိုင်ငံအစိုးရတို့၏ အာရုံစိုက်မှုမှာ အခြားနေရာများတွင် ရောက်ရှိနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့နှင့် စကားပြောဆိုခဲ့သော အမျိုးသမီး အခွင့်အရေးအဖွဲ့အစည်းများ နှင့် အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများ၏ ဖော်ပြချက်အရ နိုင်ငံတကာ အသိုက်အဝန်းထဲတွင် သုံးပွင့်ဆိုင်မူဘောင် အစီအစဉ်များ မရှိခြင်းက ၎င်းတို့၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေသည်ဟု သိရသည်။ ယင်းကြောင့် အမျိုးသမီးခေါင်းဆောင်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများသည် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အခြားသော နည်းလမ်းများကို ရှာဖွေကြရကာ၊ သုံးပွင့်ဆိုင်မူဘောင်ပါ ကဏ္ဍများတွင် ပါဝင်လုပ်ကိုင်လျက် ၎င်းတို့ အသိုက်အဝန်းအတွင်းရှိ ခွဲခြားဆက်ဆံခံရဆုံး ဖြစ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းလျက်ရှိသည်။

### ပဋိပက္ခသက်ရောက်ခံရသည့် အခြေအနေများတွင် "အားလုံးပြေလည်စေမည့် နည်းလမ်းတစ်ခုတည်း" ချဉ်းကပ်မှု၏ အန္တရာယ်

ပဋိပက္ခဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် ရပ်ရွာတစ်ခုလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းပေးသည့် ဂျန်ဒါအခြေပြု သီးခြားခွဲခြမ်းစိတ်ဖြာမှုတွင် အမြဲတမ်း အခြေခံသင့်သည်။ သို့သော်လည်း၊ ဤသုတေသနတွင် ထွက်ပေါ်လာသော အဓိကတွေ့ရှိချက်တစ်ခုမှာ နိုင်ငံတကာမှ ပါဝင်သူများသည် ၎င်းတို့လုပ်ကိုင်နေသော တိုင်းပြည်၏ အခြေအနေနှင့် သမိုင်းနောက်ခံကို



Photo: Fabienne Douce/ActionAid

ဟေတီနိုင်ငံ ဂျာကက်ဒေသမှ အက်ရှင်အေ့ဒ်မှ သင်တန်းပေးထားသော အမျိုးသမီး ကနဦးတုံ့ပြန်သူများမှ dignity kits များ ဝေနေပုံ

အပြည့်အဝ နားမလည်ဘဲ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများကို လုပ်ဆောင်နေသည်ဟု ယူဆကြသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို တုံ့ပြန်လုပ်ဆောင်ရာတွင် ပဋိပက္ခမှာ ဖန်တီးလိုက်သော လတ်တလော လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ရန် လုပ်ဆောင်ကြရသည် ဖြစ်သော်လည်း၊ "ယခင်ရှိရင်းစွဲ ခွဲခြားဆက်ဆံမှုများနှင့် ရေရှည်လိုအပ်ချက်များရှိသည့် လူ့အဖွဲ့အစည်းတွင် လုပ်ဆောင်ကြရသည့်အခါ၊ အရေးပေါ်အခြေအနေအတွက် သီးခြားနည်းလမ်းဖြင့် တုံ့ပြန်ခြင်းသည် မလုံလောက်ပါ၊ ယင်းပဋိပက္ခသည် ပေါင်းစပ်သက်ရောက်မှုများ၏ စုစည်းမှုတစ်ခုဖြစ်သည်။" ဟု လက်ဘနွန်နိုင်ငံရှိ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများက ပြောဆိုကြသည်။ ယင်းအချက်သည် လက်ဘနွန်နိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးများ ရင်ဆိုင်နေရသော ဖိအားများကို ပေါင်းစုပေးလိုက်သည့် ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် ပေါ်ပေါက်ခဲ့သည့် Beirut Blast ကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ ယင်း ဖြစ်ရပ်တွင် နိုင်ငံတွင်း ကိုဗစ်-၁၉ နှင့် စီးပွားရေး မတည်ငြိမ်မှုတို့ပါဝင်သည်။[49] ထို့ကြောင့် လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နောက်ခံအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်မှာ အလွန်အရေးကြီးသည်။လက်ဘနွန်မှ ပါဝင်သူတစ်ဦးက

> "အရေးပေါ် အခြေအနေအတွက် တုံ့ပြန်ရန် NGO များသည် ဝန်ဆောင်မှုပေးနေသည့် ကဏ္ဍများတွင် ဝန်ဆောင်မှုများ ပေးလျက်ရှိသော်လည်း ၎င်းတို့သည် အမျိုးသမီးများ၏ပြဿနာများနှင့် စနစ်ဆိုင်ရာ မညီမျှမှုများကို ထည့်သွင်းမစဉ်းစားသည့်အတွက် ရေရှည်တွင် မထိရောက်နိုင်ပါ" ဟု ပြောဆိုခဲ့သည်။

ဘေးအန္တရာယ်ဒဏ်ခံရသည့် ပြည်နယ်များတွင် ထိခိုက်လွယ်မှုသံသရာသည် ထပ်ခါတလဲလဲ ဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေများနှင့်၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဖြစ်ရပ်များက ဖန်တီးပေး လိုက်ခြင်းဖြစ်သည်။ အဆိုပါ ဖြစ်ရပ်များသည် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု တိုးပွားလာခြင်း နှင့် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ မြင့်မားလာခြင်းကဲ့သို့သော ဂျန်ဒါအခြေပြု သက်ရောက်မှုများကို မွေးထုတ်ပေးလိုက်ကြောင်း ဟေတီ နှင့်ဆိုမာလီနိုင်ငံရှိ အမျိုးသမီးအခွင့်အရေး အဖွဲ့များ၏ ပြောကြားချက်များအရ သိရသည်။[50] ဥပမာ အားဖြင့်၊ စားနပ်ရိက္ခာ သို့မဟုတ် ရေ ပြတ်လပ်မှု ကဲ့သို့သော ရာသီဥတုဆိုင်ရာ သက်ရောက်မှုများသည် ကျေးလက်ဒေသများအတွင် နေထိုင်သော အမျိုးသမီးများ၏ မိသားစုကို ကျွေးမွေးနိုင်သည့် စွမ်းရည်ကို တိုက်ရိုက်ထိခိုက်စေပြီး ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးနိုင်သည်။[51] ယင်းဆုံးရှုံးမှုများ၏ ကျန်ရှိနေသော အကျိုးသက်ရောက်မှုများသည် အချိန်ကြာလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်အောင် လုပ်ဆောင်ရသည့်အခါ အမျိုးသမီးများ၏စွမ်းရည်ကို ပျက်ပြားစေပြီး ၎င်းတို့အား ပိုမိုဆိုးရွားသော ထိခိုက်လွယ်မှု အခြေအနေသို့ တွန်းပို့ကာ၊ ရာသီဥတုဆိုင်ရာအန္တရာယ်များကို လျှော့ချရန်နှင့် စီမံခန့်ခွဲရန် ပိုမိုခက်ခဲစေသည်။[52] ရာသီဥတု ပြင်းထန်/ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေတွင် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများသည် တုံ့ပြန်ရန် အရေးပေါ် အခြေအနေတစ်ရပ်ကို ရွေးချယ်ရန် ရုန်းကန်နေရကာ "ရေကြီးခြင်း၊ မြေပြိုမှုများနှင့် အကျပ်အတည်းများကို လက်တလောတွင် တုံ့ပြန်ရန် ရုန်းကန်နေရခြင်း" ဖြစ်သည်ဟု ဟေတီနှင့် ဆိုမာလီလန်တွင် တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးအခွင့်အရေး အဖွဲ့များ၊ အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့များက အလေးပေးဖော်ပြခဲ့သည်။ သို့သော်လည်း ပဋိပက္ခများ၏ နောက်ခံအခြေအနေကို ဆက်စပ်နားလည်ရန် လိုအပ်သည်။ ရာသီဥတု အကျပ်အတည်း၏ ရှေ့တန်းမှ လှုပ်ရှားနေကြသူများ ဖြစ်သော်လည်း  အမျိုးသမီးများသည် ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အဆင့်များတွင် ဤရာသီဥတုကြောင့် ဖြစ်ပေါ်သော အရေးပေါ် ဖြစ်ရပ်များကို တုံ့ပြန်ခြင်းနှင့် ဆက်စပ်သည့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များမှ မကြာခဏ ဘေးဖယ်ခံရလေ့ရှိသည်။[53]

ငြိမ်းချမ်းရေး မရှိခြင်းကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ဖော်ဆောင်ရာတွင် ခက်ခဲမှုကို အသိအမှတ်ပြုရန်လည်း လိုအပ်ပါသည်။ ဆိုမာလီနိုင်ငံရှိ ပါဝင်သူများသည် လူမှုအသိုင်းအဝိုင်းများ ထပ်တလဲလဲ ပဋိပက္ခများ ကြုံတွေ့နေရသည့် ဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအနက် ပဋိပက္ခ ကာကွယ်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ ဆွေးနွေးမှုများ ပိုမိုလိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ဆိုမာလီနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်တစ်ဦး၏ ပြောဆိုချက်အရ

> "ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု ကဲ့သို့သော ကြိုတင်ရှိနှင့်ပြီးသားဖြစ်သည့် ပဋိပက္ခများကို တွန်းအားဖြစ်စေသည့် အရာများသည် ထပ်ခါတလဲလဲ ဖြစ်နေသည့် ပဋိပက္ခများကြောင့် ဖြစ်ပြီး၊ မိန်းကလေးများသည် ငြိမ်းချမ်းရေး အကြောင်းပြချက်အောက်တွင် သတို့သမီးများ ဖြစ်လာကြသည်" ဟု သိရသည်။

'ငြိမ်းချမ်းရေးမရှိခြင်း' ဟူသော အယူအဆ သို့မဟုတ် ပဋိပက္ခသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို မည်ကဲ့သို့ ပံ့ပိုးပေးသည်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အကြမ်းဖက်မှုနှင့် ပတ်သက်၍ လူတစ်ဦးချင်းစီ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အောင်မြင်မှုကို အတားအဆီးအဖြစ် ပေါ်လွင်စေသော်လည်း အခြားကဏ္ဍများတွင်လည်း ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည်။[54] အရပ်ဖက်အဖွဲ့အစည်း များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် တုံ့ပြန်ဆောင်ရွက်မှုများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသော်လည်း မြန်မာနိုင်ငံတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ လည်ပတ်ရန်နေရာများ ကျဉ်းမြောင်းလာခြင်းနှင့် ပတ်သက်၍ ပါဝင်သူများက စိုးရိမ်မှုများကို ထုတ်ဖော်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်း စာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး အင်အားစုများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်းအား အာရုံစူးစိုက်မှု အားနည်းစေခဲ့ပုံကို ပါဝင်သူတစ်ဦးက ဖော်ပြခဲ့သည်။

> "ကျွန်ုပ်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ချင်ရင် ငြိမ်းချမ်းရေး တည်ဆောက်ရေးကိုလည်း ပေါင်းစပ်ရမယ်။
> အလားတူပင် ဂျန်ဒါအား ထည့်သွင်းခြင်းကို တစ်ချိန်တည်းတွင် လုပ်ဆောင်သင့်သည်။
> ဖွံ့ဖြိုးတိုးတက်ရေး ကိုသာလုပ်ပြီးတော့ ငြိမ်းချမ်းရေး မပါဝင်ဘူးဆိုရင်တော့ ခဏတာသာ တည်တံ့နေမှာပါ…
> ပဋိပက္ခတစ်ခုစီအတွက် ချဉ်းကပ်မှုတစ်ခုတည်းကိုသာ ရိုးရှင်းစွာ မလုပ်ဆောင်နိုင်ပါဘူး။"

ဟေတီတွင် အမျိုးသမီးများသည် အကြမ်းဖက်မှုနှင့် မတည်မငြိမ်မှုများကို ထိရောက်သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုပေးရန် အတားအဆီးများအဖြစ် ဖော်ထုတ်ထားသည်။ အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများက လမ်းပိတ်ဆို့ခြင်း၊ မှောင်ခိုကူးခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုနှင့် လက်နက်ကိုင်အဖွဲ့များမှ ပြန်ပေးဆွဲခြင်းများသည် အမျိုးသမီးများ ဘေးကင်းလုံခြုံသော နေရာများသာ လည်ပတ်ရန်နှင့် ဝေးလံခေါင်သီသောဒေသများရှိ လူမှုအသိုင်းအဝိုင်းများသို့ ဝင်ရောက်ခြင်းအတွက် အတားအဆီးများအဖြစ် အစီရင်ခံထားသည်။

## နိုင်ငံတကာအဆင့်က လူသားချင်းစာနာမှု လိုအပ်ချက်များကို တစ်ဖက်သတ် ဆုံးဖြတ်သတ်မှတ်သည့် အတွက် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များ

လက်ဘနွန်မှပါဝင်သူတစ်ဦးက "နိုင်ငံတကာဖက်က အကူအညီပေးသူတွေဟာ ကယ်ဆယ်ရေးနဲ့ အရေးပေါ်တုံ့ပြန်မှုအပေါ် အခြေခံပြီး လက်ငင်းလိုအပ်ချက်တွေကို ဖြေရှင်းပေးဖို့ ရည်ရွယ်ချက်နဲ့ လာတာပါ။ ပြဿနာက ရှိပြီးသား လိုအပ်ချက်တွေအကြောင်း၊ ငါတို့မှာ ရှိပြီးသား နည်းဗျူဟာတွေအကြောင်း သူတို့ကို ပြောပြရမှာပေါ့။" ဟုဆိုသည်။

နောက်ခံအခြေအနေအားလုံးတွင် WRO များနှင့် WLO များသည် အလှူရှင်များ၏ လိုအပ်ချက်ကို လိုက်နာရမည် ဖြစ်သည်။ သို့မဟုတ်ပါက ငွေကြေးထောက်ပံ့မှုရရှိမည်မဟုတ်သည့်အတွက် အရေးပေါ်အခြေအနေ သစ်တစ်ခု ပေါ်ပေါက်လာပါက အလှူငွေရရှိရန် တစ်ခါတစ်ရံတွင် ၎င်းတို့၏ "လုပ်ငန်းဆောင်တာများကို ပြောင်းလဲရန် လိုအပ်သည်ဟု" ခံစားကြရသည်။ ဟေတီနိုင်ငံရှိ အမျိုးသမီးခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်အရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းတစ်ခုအတွင်း နိုင်ငံတကာအစိုးရမဟုတ် သော အဖွဲ့အစည်းများ၏ တုံ့ပြန်ချက်များသည် ၎င်းတို့၏ လက်ရှိ လှုပ်ရှားဆောင်ရွက်မှုများကို "ရပ်တန့် တုံ့ဆိုင်းသွားစေသည်" ဟုသိရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဦးစားပေးမှုများကို ပြောင်းလဲခံလိုက်ရသော ကြောင့်ဖြစ်သည်။ အခြားအမျိုးသမီးခေါင်းဆောင် တစ်ဦးကလည်း "အလှူရှင်များရဲ့ ဦးစားပေးကဏ္ဍမဟုတ်တော့တဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ရပ်တန့်သွားအောင် လုပ်လိုက်တာနဲ့ တူပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။ ဘေရွတ် (Beirut) ပေါက်ကွဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကလေးငယ်များအား ပညာသင်ကြားပေးသည့် ဆရာမ ၂၀ ခန့်ကို အလုပ်ပေးထားသည့် စာသင်ကျောင်းတစ်ခုကို နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းက ပိတ်သိမ်းခဲ့ပြီး ထိုလုပ်ငန်းစဉ်အစား ပေါက်ကွဲမှုဒဏ်ကို ခံခဲ့ကြရသည့် ကလေးငယ်များကို ငွေကြေးထောက်ပံ့ပေးခဲ့သည့် ဖြစ်ရပ်က အထက်ပါပြောကြားချက်ကို သက်သေခံလျက်ရှိသည်။ ဘေရွတ်ပေါက်ကွဲမှုမတိုင်မီ အမျိုးသမီးများအား အလုပ်အကိုင်ဖန်တီးပေးရန် လုပ်ဆောင်မည့် စီမံကိန်းများကို ပေါက်ကွဲမှုအပြီးတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ရပ်ဆဲလိုက်ကြကြောင်း သုတေသနတွင် ပါဝင်သူများ၏ ပြောကြားချက်အရ သိရသည်။

အာရုံစူးစိုက်မှုနှင့် ရန်ပုံငွေကို အခြားနေရာသို့ လွှဲလိုက်ခြင်းဖြင့် အကျပ်အတည်း အခြေအနေများ ရင်ဆိုင်နေရသော အမျိုးသမီးများသည် အဖွဲ့အစည်းများ၏ ကန့်သတ်ဘေးဖယ်ခံလိုက်ရပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဦးစားပေးမှု လျော့ပါးသွားကြောင်း တွေ့ရှိရသည်။ ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဦးစားပေးမှုအဆင့် လျှော့ချခြင်းများကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ SRHR ဝန်ဆောင်မှုများကို ဘေးဖယ်ထားခြင်းသည် ဥပမာတစ်ခုပင် ဖြစ်သည်။ လက်ဘနွန်နိုင်ငံမှ သုတေသနတွင် ပါဝင်သူတစ်ဦးက "အမျိုးသမီးတွေရဲ့ ကိစ္စတွေကို နောက်ကို ပို့လိုက်ကြပြီး၊ အကြပ်အတည်းတစ်ခုကို ဦးစားပေးလိုက်ကြတယ်။ ဒီရေးရာကိစ္စတွေ [ဂျန်ဒါအခြေပြုအကြမ်းဖက်မှု နဲ့ အကြမ်းဖက်မှုများ] ဟာ ဒုတိယတန်းစားဖြစ်လာတယ်။ ရှိပြီးသား လုပ်ကိုင်ဆောင်ရွက်မှုတွေကိုတောင် ရပ်ဆဲလိုက်ကြတယ်" ဟု ရှင်းပြသည်။

လက်ဘနွန်တွင်၊ အုပ်စုဖွဲ့ဆွေးနွေးမှုအများစုအရ Covid-19 ကပ်ရောဂါနှင့် ဘေရွတ်ပေါက်ကွဲမှုကဲ့သို့သော အရေးပေါ်အကျပ်အတည်းများ ဖြစ်ပေါ်ချိန်တွင် အမျိုးသမီးအရေးကို ဘေးဖယ်ထားလိုက်ရကာ ၎င်းတို့၏လိုအပ်ချက်များကို ဦးစားပေးမှုများလဲလျော့ကျခဲ့ကြောင်း ဖော်ပြထားသည်။[55] ထောက်ပံ့မှု ကဏ္ဍသစ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို တုံ့ပြန်ဆောင်ရွက်နေကြရသည့် အတွက် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို အစီပွါယ်ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်နိုင်သည်ဟု မခံစားရတော့ကြောင်း ဆိုမာလီမှ အမျိုးသမီးများက ၎င်းတို့၏ ပူပန်မှုများကို ထုတ်ဖော်ခဲ့သည်။

> **"အကြပ်အတည်းများနှင့် မိုးခေါင်ရေရှားမှုများကြောင့် ယခင်လုပ်ဆောင်လျက်ရှိသည့် အကာအကွယ်ပေးရေး နှင့် အမျိုးသမီးများ၏ စီးပွားရေး စွမ်းဆောင်ရည် မြှင့်တင်ရေး စီမံကိန်းများကို လုပ်ဆောင်နေရာမှ သောက်သုံးရေ သယ်ယူရေး၊ အစားအသောက်များ ဖြန့်ဖြူးရေးနှင့် နေရပ်တိမ်းရှောင်သူများအား ပြန်လည်နေရာချထားရေးကဲ့သို့ လက်ငင်းလိုအပ်ချက်များကို ပြောင်းလဲလုပ်ဆောင် ခဲ့ကြရသည်။ တစ်ခါတစ်ရံတွင် အမျိုးသမီးအရေးကိစ္စရပ်များကို မေလျော့သွားတတ်ကြသည်။"**

ရန်ပုံငွေ လွှဲပြောင်းခြင်း သို့မဟုတ် လက်ရှိဆောင်ရွက်နေသည့် ပြင်ဆင်မှုများ နှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ရပ်တန့်ခြင်းသည် GBV ကာကွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများအောက်တွင် ပြုလုပ်လျက်ရှိသော လူမှုရေးဆိုင်ရာ တိုးတက်မှုများကို ရပ်တန့်သွားစေနိုင်ပြီး ဘေးဖယ်ခံရနိုင်ခြေ အရှိဆုံးသူများအတွက် စိုးရိမ်ဖွယ်ရာ ရေရှည်အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။[56]

## ရေတိုလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးကဏ္ဍများမှ ကျော်လွန်လုပ်ဆောင်ခြင်း

သုတေသနတွင်ပါရှိသော WRO နှင့် WLO များသည် လက်ရှိတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်လုပ်ဆောင်မှုများသည် အကျပ်အတည်းများအား အချိန်တိုအတွင်း သက်သာရာရစေနိုင်မည့် အချက်များကိုသာ ဦးစားပေးလုပ်ဆောင်ပြီး၊ အနာဂတ် အကျပ်အတည်းများ ဖြစ်ပေါ်လာချိန်တွင် ရပ်ရွာများ၏ ကြံ့ကြံ့ခံနိုင်ရည် ရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းမရှိဟု ခံစားမိသည်။ သူတို့မှ အလှူရှင်များ၏ အချိုးစားမမျှတသော တုံ့ပြန်မှုအကြောင်းများ အထူးသဖြင့် ကာလတိုအကျပ်အတည်းမှ ရေတိုလုပ်ငန်းများအပေါ် ရန်ပုံငွေ မြောက်မြားစွာ ထောက်ပံ့ခြင်းနှင့် ရေရှည်လုပ်ငန်းခွင်များတွင် ရန်ပုံငွေထောက်ပံ့မှု အားနည်းခြင်းများကို နှိုင်းယှဉ်ထောက်ပြကြသည်။ ကျွန်ုပ်တို့ပြောခဲ့သော WRO နှင့် WLO အများစုသည် အလှူရှင်များ၏ ထောက်ပံ့ငွေသည် ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းရန် လုံလောက်သော လိုက်လျောညီထွေမဖြစ်ဟု ခံစားခဲ့ရသည်။ စစ်တမ်းတွင်ပါဝင်ခဲ့သည့် အမျိုးသမီး




Photo: Anderson Pierre/ActionAid

အက်ရှင်အေ့ဒ် ဟေတီမှ အက်ရှင်အေ့ဒ်၏ အကာအကွယ်ပေးရေးတွင် ဖီးမနစ် ချည်းကပ်ပုံကို ၂၀၂၁ ခုနှစ်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ မိမိတို့၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးတွက် ပြောဆိုနိုင်လာစေရန် ရပ်ရွာလူထုထဲတွင် အစမ်းပြုလုပ်နေပုံ။ ဤပုံတွင် ကျောင်းသူလေးတစ်ဦးမှ အရေးပေါ်ကာလအတွင်း သူမ၏ ပညာသင်ခွင့်နှင့် ပတ်သက်ပြီး ပြောကြားနေပုံ

ခေါင်းဆောင်များအနက် အဖွဲ့အစည်းအများစု (၅၁%) က ၎င်းတို့ရရှိသော ရန်ပုံငွေများမှာ ရေတိုစီမံကိန်းများ အတွက်ဖြစ်ပြီး စီမံကိန်း အခြေအနေပေါ်မူတည်၍ ပြောင်းလဲလိုက်လျောနိုင်စွမ်း နည်းပါးသည်ဟု ဖော်ပြကြသည်။ ၁၀% သော ခေါင်းဆောင်များက ၎င်းတို့လက်ရှိရရှိနေသော ရန်ပုံငွေများသည် ရေရှည်စီမံကိန်းများဖြစ်ပြီး အခြေအနေများအပေါ်လိုက်၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်သည်ဟု ဖော်ပြကြသည်။ အရေးပေါ်အခြေအနေကို ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် အဓိက ကုန်ကျစရိတ်များ အတွက် ရန်ပုံငွေ ပိုမိုလိုအပ်ကြောင်း ၇၉ ရာခိုင်နှုန်းသော ဖြေဆိုသူများက ပြောဆိုကြပြီး၊ ၇၆ ရာခိုင်နှုန်းကမူ ပို၍ ပြုလွယ်ပြင်လွယ်ဖြစ်သော ရန်ပုံငွေများ လိုအပ်ကြောင်း၊ ၇၃ ရာခိုင်နှုန်းက ငွေကြေးထောက်ပံ့မှုကို ပုံမှန် ဆက်လက်ပေးစေလိုကြောင်း ပြောကြားခဲ့ကြသည်။

မကြာခဏဆိုသလို၊ အရေးပေါ်အခြေအနေများတွင် WRO နှင့် WLO များကို ဝန်ဆောင်မှု ပေးသူများအဖြစ်သာ ရှုမြင်ပြီး ၎င်းတို့၏ကျွမ်းကျင်မှုနှင့် သိနားလည်မှုများကို ပေါင်းစပ်ချိတ်ဆက် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်း ပျောက်ဆုံး လစ်လပ်လျက်ရှိသည်။ ဝန်ဆောင်မှုပိုင်းဆိုင်ရာ လုပ်ကိုင်ရန်အတွက် ရံပုံငွေပေးခြင်းမှလွဲ၍ တစ်ခြားကဏ္ဍများတွင် ရံပုံငွေထောက်ပံ့မှုနည်းပါးကြောင်းကို သုတေသနပါဝင်သူများမှ ဖော်ပြဆွေးနွေးခဲ့ကြသည်။ စစ်တမ်းပါဝင်သူများထဲမှ ၆၄% သည် တိကျသောဝန်ဆောင်မှုပေးဝေမှုနှင့် အစီအစဉ်၊ ၄၃%သည် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ၂၇% သည် ခံနိုင်ရည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၂%သည် တိုက်တွန်းနှိုးဆော်စည်းရုံးရေး အကောင်အထည်ဖော်မှုများအတွက် ရန်ပုံငွေများရရှိထားကြောင်း သုတေသန အချက်အလက်များအရ သိရှိရသည်။ ထို့အပြင် အရေးပေါ်အခြေအနေများတွင် ရေတိုရန်ပုံငွေ ထောက်ပံ့မှုသည် WRO နှင့် WLO များအတွက် ၎င်းတို့၏ မဟာဗျူဟာမြောက် အဖွဲ့အစည်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရန်၊ အရည်အသွေးပြည့်မီသော တုံ့ပြန်မှုပေးရန်၊ ပံ့ပိုးမှုနှင့် ဝန်ထမ်းများကို ထိန်းသိမ်းရန် ခက်ခဲစေသည်ဟု အုပ်စုဖွဲ့နှင့် တစ်ဦးခြင်းတွေ့ဆုံမေးမြန်း ဆွေးနွေးမှုများက ထပ်လောင်းအလေးပေး ဖော်ပြခဲ့သည်။ ဝန်ထမ်းများလစာ၊ ကုန်ကျစရိတ်များ သို့မဟုတ် စွမ်းဆောင်ရည် မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံရန် ကုန်ကျစရိတ်များသည် ရှာဖွေရန် မယုံနိုင်လောက်အောင် စိန်ခေါ်မှုဖြစ်ကြောင်း ပါဝင်သူများက အလေးပေး ဖော်ပြခဲ့သည်။ လက်ဘနွန်မှ အမျိုးသမီး ခေါင်းဆောင်တစ်ဦးသည် ၎င်းတို့၏ WRO သည် ရေရှည်ရန်ပုံငွေမရှိခြင်းကြောင့် “ကယ်ဆယ်ရေးလုပ်ငန်းမှ ပိုမိုရေရှည်တည်တံ့သောလုပ်ငန်းများသို့ ဆက်လက်လုပ်ဆောင်ရန်လိုအပ်သည့် ပရောဂျက်များ” ကို မည်သို့မျှ အကောင်အထည်မဖော်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဖွံ့ဖြိုးရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများနှင့် တိုးတက်မှုများသည် ရေတိုလုပ်ဆောင်သည့် အလေ့အထများနှင့် အရေးပေါ်အခြေအနေများတွင် စီမံကိန်းများကို မြန်ဆန်စွာ ပြောင်းလဲလုပ်ဆောင်ရာတွင် ထိခိုက်စေနိုင်သည့် သီးခြား စီမံကိန်းတစ်ခုချင်းစီကို  လွန်ကဲစွာ အာရုံစိုက်ခြင်းတို့ကြောင့် အဟန့်အတား ဖြစ်စေသည်။ ထိရောက်သော အကျပ်အတည်း တုံ့ပြန်မှုများကို လုပ်ဆောင်ရန်၊ WRO နှင့် WLO များသည် အရေးပေါ် အခြေအနေများတွင် လျင်မြန်သော  ပြောင်းလဲမှုများကို ခွင့်ပြုနိုင်သည့် ပိုမို ပြောင်းလွယ်ပြင်လွယ်သော ပရိုဂရမ်ပုံစံ၊ တုံ့ပြန်မှုနှင့် ရေရှည်ရန်ပုံငွေ လိုအပ်ပါသည်။ ဆိုမာလီလန်ရှိ အမျိုးသမီး ခေါင်းဆောင်တစ်ဦးသည် နိုင်ငံအတွင်း ရာသီဥတုနှင့်ဆက်နွှယ်သော တုန်လှုပ်ဖွယ် အခြေအနေများအတွက် လူမှုအသိုင်းအဝိုင်းများကို ရင်းနှီးမြှုပ်နှံပြီး ကြိုတင်ပြင်ဆင်သည့်အစား “လူသားချင်းစာနာမှုစနစ်သည် ရေတိုအရေးပေါ်အခြေအနေများကို တုံ့ပြန်ရန် အဓိကအားဖြင့် ဒီဇိုင်းထုတ်ထားသည်” ဟု ပြောခဲ့သည်။ အခြားသူတစ်ဦးက

**“ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့သည့် အရာတစ်ခုကို တည်ဆောက်ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွင် ကျွန်ုပ်တို့ကို ကန့်သတ်ထားခြင်းသည် ၎င်းဒေသအတွင်းရှိ နေထိုင်နေသော ပြည်သူတို့၏အခြေအနေများ တိုးတက်ပြောင်းလဲလာစေရန် အထောက်အကူမပြုပါ” ဟု ရှင်းပြခဲ့သည်။**

ခွဲခြားဖယ်ထုတ်ခံရဆုံး အုပ်စုများ၏ ရေရှည်လိုအပ်ချက်များကို တုံ့ပြန်ရာတွင် ပျက်ကွက်မှုများ ဖြစ်ပေါ်စေခြင်း သို့မဟုတ် ဖယ်ထုတ်ခြင်း၏ အရင်းခံ အကြောင်းတရားများကို ဖော်ထုတ်ဖြေရှင်းရန် ပျက်ကွက်ခြင်း တို့ကြောင့် ဤရေတို ချဉ်းကပ်မှု နည်းလမ်းသည် စနစ်တည်ဆောက်မှုဆိုင်ရာ မညီမျှမှုများကို ပိုမိုနက်ရှိုင်းသွားစေသည်။ အရေးပေါ် လိုအပ်ချက်များသည် လူများနှင့် လူ့အဖွဲ့အစည်းများကို အစပထမ အန္တရာယ် ကျရောက်နိုင်စေသည့် အခြေခံပြဿနာများ၏ လက္ခဏာများဖြစ်သောကြောင့်၊ ဤဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခြင်းသည် ပြန်လည်ထူထောင်ရေးနှင့် တိုးတက်မှုကို နှေးကွေးစေသည်။[57]

ပြီးခဲ့သည့်နှစ်များအတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ကဏ္ဍတွင် ငွေကြေးထောက်ပံ့မှုများ တိုးတက်လာခဲ့သော်လည်း၊ WRO များ နှင့် WLOs များအနေဖြင့် အရေးပေါ်အခြေအနေဆိုင်ရာ တုံ့ပြန်မှုများတွင် အခမဲ့ လုပ်အားပေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ရှိနေသည့်တိုင် ယင်းငွေကြေး ထောက်ပံ့မှုများကို ရယူသုံးစွဲနိုင်ခြင်း မရှိသေးပါ။ ရန်ပုံငွေ ပံ့ပိုးမှုပုံစံများသည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်သာ ကန့်သတ်ထားဆဲဖြစ်ပြီး၊ ပြည်သူများ၏နေထိုင်မှုအတွေ့အကြုံများနှင့် မကိုက်ညီပါ။ စုပေါင်းထားသော ဘဏ္ဍာငွေထောက်ပံ့မှုများသည် သုံးပွင့်ဆိုင် မူဘောင်အစီအစဉ်များ အတွက် ပိုမိုကောင်းမွန်သည့် ဘဏ္ဍာရေး ထောက်ပံ့မှု အလားအလာများအဖြစ် ထောက်ခံမှု ရှိကြသည်။ Community-Based Pool Funds (CBPFs) သည် သုံးပွင့်ဆိုင်မူဘောင် အစီအစဉ်များကို အားဖြည့်ပေးရန် အလားအလာရှိသည်။ အဘယ်ကြောင့်ဆိုသော် အလှူရှင်များသည် Grand Bargain ကတိကဝတ်များကို အကောင်အထည်ဖော်ရန် နှင့် နိုင်ငံအဆင့် နှင့် ဒေသခံအဆင့် ပါဝင်လုပ်ဆောင်သူများထံ ဘဏ္ဍာငွေများ စီးဆင်းသွားနိုင်ရေးအတွက် သတ်မှတ်ထားသည့် ရန်ပုံငွေများကို တိုးမြှင့်သုံးစွဲလာသောကြောင့် ဖြစ်သည်။[58] သို့သော်လည်း စစ်တမ်းကောက်ယူခဲ့သည့် အမျိုးသမီးခေါင်းဆောင်များ၊ WRO နှင့် WLO များထဲမှ ၈% သည်သာ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပရိုဂရမ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် CBPFs များကို လက်ခံရရှိထားကြောင်း တွေ့ရှိရပြီး စစ်တမ်းကောက်ယူခဲ့သည့် ၁၃% ကမူ ၎င်းတို့၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပရိုဂရမ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် CBPFs များကို လက်ခံရရှိခဲ့သည်။ စစ်တမ်းတွင် ပါဝင်သူအများစုက ၎င်းတို့၏ ရန်ပုံငွေများကို ကြားခံမှတစ်ဆင့် ရယူနေဆဲဖြစ်သည်။ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပရိုဂရမ်များ အတွက် လက်ရှိရန်ပုံငွေ၏ ၈၅% သည် ActionAid ကဲ့သို့သော INGO များမှဖြစ်ပြီး ၅၅% သည် ၎င်းတို့၏ ဖွံ့ဖြိုးရေး လုပ်ငန်းအတွက်ဖြစ်သည်)။ အလှူရှင်အများစုနှင့် ကုလသမဂ္ဂ အေဂျင်စီများသည် ဂျန်ဒါ တန်းတူညီမျှမှုကို ပဏာမ ဦးတည်ချက်တစ်ခုအဖြစ် ထားရှိသည့် အစီအစဉ်များအတွက် ၎င်းတို့၏ ငွေကြေးထောက်ပံ့မှုများ အမှန်တစ်ကယ်စီးဆင်း သွားစေရန် မလုပ်ဆောင်နိုင်သေးပါ။ ကုလသမဂ္ဂ အေဂျင်စီများနှင့် လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှု အဖွဲ့များသည် မည်သည့်တို့က WRO များ၊ WLO များ ဖြစ်ကြသည်ကို စနစ်တကျ မှတ်တမ်းတင်မထားကြပါ။[59] ဤအချက်အလက် ချို့တဲ့မှုကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် လက်ရှိ WRO နှင့် WLO များပါဝင်ပတ်သက်နေသည့် အတိုင်းအတာကို နားလည်ရန် မဖြစ်နိုင်သော်လည်း မကြာသေးမီက ပြန်လည်သုံးသပ်ထားသော အချက်အလက်များအရ အစိုးရအလှူရှင် ၁၁ ဖွဲ့အနက် ၇ ဖွဲ့သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများတွင် ဂျန်ဒါတန်းတူညီမျှရေး အစီအစဉ်များအတွက် ရည်စူးကာ ရန်ပုံငွေ၏ ၂% ကိုသာ ခွဲဝေပေးပါသည်။[60]

မိတ်ဖက်ဆောင်ရွက်မှုများ ရှိသည့်နေရာတွင် သုတေသနတွင်ပါဝင်သူများက ၎င်းတို့အပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ တာဝန်ခံမှုနှင့် ယုံကြည်မှု ကင်းမဲ့ကြောင်း အစီရင်ခံခဲ့သည်။ နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများသည် ၎င်းတို့အား ‘မယုံကြည်ပါ’ သို့မဟုတ် “အလှူရှင်များသည် INGO မိတ်ဖက်များမပါဘဲ ကျွန်ုပ်တို့ကို မမြင်ရ” ဟုခံစားရကြောင်း WROs မှ အစီရင်ခံစာတွင် ဖော်ပြထားသည်။ အလှူရှင်များနှင့် နိုင်ငံတကာအဆင့်မှဆောင်ရွက်သူများသည် ဒေသန္တရအသွင်ကူးပြောင်းမှုကို အဓိပ္ပါယ်ရှိစွာ အကောင်အထည်မဖော်နိုင်သည့်အတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့ အပေးအယူဆန်သော ဆက်ဆံရေးသည် နိုင်ငံတကာဖက်မှ အန္တရာယ်များကို ပြည်တွင်းမိတ်ဖက် အဖွဲ့အစည်းများထံသို့ လွှဲပြောင်းသကဲ့သို့ ဖြစ်သော်လည်း အဆိုပါ အန္တရာယ်များကို ပြန်လည်တုံ့ပြန်နိုင်မည့် နည်းလမ်းများနှင့် ရင်းမြစ်များကိုမူ ပေးအပ်ခြင်း မရှိသကဲ့သို့ ဖြစ်ပါသည်။ ပြန်ပြောင်းဆိုရပါမူ တာဝန်ခံမှု အား အလှူရှင်များနှင့် နိုင်ငံတကာ အေဂျင်စီများထံသို့ ပြန်လည်မပေးအပ်ခြင်း ဖြစ်ပါသည်။ လက်ဘနွန်နိုင်ငံမှ WRO ခေါင်းဆောင်တစ်ဦးက “အလှူရှင်တွေက ကျွန်ုပ်တို့အပေါ် တာဝန်ခံမှုက ဘယ်မှာလဲ၊ အဲဒါကို ဘယ်လို စောင့်ကြည့်ကြမလဲ” ဟု ပြောသည်။



Photo: Lebanon Storm cash assistance/ActionAid

၂၀၁၉ ခုနှစ် လက်ဘနွန် မုန်းတိုင်းကာလအတွင်း အက်ရှင်အေ့ဒ်မှ ဝန်ထမ်းများက Baalback နှင့် Joub Jannine ရှိအမျိုးသမီးနှင့် လူငယ်အဖွဲ့များနှင့် နှင့် ပူးပေါင်းပြီး လိုအပ်ချက်များ အလျှင်အမြန် ဆန်းစစ်ခြင်းနှင့် ရပ်ရွာအသိုင်းအဝိုင်းမှ လိုအပ်သည့် အကူအညီများကို ထောက်ပံ့ပေးခြင်း

အတူတကွကျော်ဖြတ်ကြခြင်း-လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ ပြောင်းလဲနေသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် သုံးပွင့်ဆိုင်မှုဘောင် မှတဆင့် လုပ်ဆောင်ခြင်းသည် WLO နှင့် WRO အများအပြားအတွက် စံအသစ် ဖြစ်လာသည်။ အကူအညီပေးရေးစနစ်တွင် ပြောင်းလဲမှု ဖြစ်ပေါ်လာသော်လည်း WROs များနှင့် WLOs များသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြုခြင်း မခံရသည်ကို မီးမောင်းထိုးပြကြပြီး၊ နိုင်ငံတကာ အသိုက်အဝန်း ကြုံတွေ့ရသည့် စိန်ခေါ်မှုများကိုလည်း ပြန်လည်ထုတ်ဖော်ကြပါသည်။ ဦးစားပေးမှုဆိုင်ရာ ပဋိပက္ခများ၊ တင်းကြပ်သည့် အလှူရှင်များနှင့် ရေတို လူသားချင်းစာနာမှု အထောက်အကူပြု လုပ်ငန်းစဉ်များကိုသာ ဦးစားပေးသည့် အဖွဲ့အစည်းတွင်း လုပ်ငန်းစဉ်များနှင့် ပြုလွယ်ပြင်လွယ်မရှိသော ငွေကြေးထောက်ပံ့မှုများသည် နောက်ခံခြေအနေ အမျိုးမျိုးတို့တွင် ရှိကြောင်း အစီရင်ခံကြသည်။ ထို့ပြင် ရာသီဥတု ပြောင်းလဲခြင်း၊ ပဋိပက္ခ နှင့် ငြိမ်းချမ်းရေးတို့၏ စုဆုံနေသော ရှုထောင့်များအား ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခြင်း၊ အဆိုပါ အန္တရာယ်များသည် အမျိုးသမီးများ နှင့် မိန်းကလေးများ၏ ထိခိုက်လွယ်မှုကို မည်သို့ ထိခိုက်နိုင်သည်တို့ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခြင်းများလည်း ရှိသည်။ အဆိုပါ စိန်ခေါ်ချက်များကို ကျော်ဖြတ်၍ လုပ်ဆောင်နေကြပြီး၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ကဏ္ဍများမှ ပါဝင်သူများအကြားရှိ ကွာဟချက်များကို ပြောင်းလဲဖော်ဆောင်လျက်ရှိသည့် အမျိုးသမီး ခေါင်းဆောင်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများကို မပါဝင်စေခြင်းမှာ ပျက်ကွက်လျက်ရှိသည့် အဓိက အချက်ဖြစ်သည်။

# ၂.၃။ ရေရှည်တည်တံ့ခိုင်မာသည့် အပြောင်းအလဲ နှင့် အဓိပ္ပါယ်ပြည့်ဝသော မိတ်ဖက်ပြုမှုများအတွက် နည်းလမ်းများ ရှာဖွေခြင်း

ထိရောက်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန်၊ INGO များနှင့် အလှူရှင်များသည် ၎င်းတို့၏ ကဏ္ဍတစ်ခုတည်းအား အာရုံစိုက်သည့် ချဉ်းကပ်မှုမှ ရုန်းထွက်ပြီး WLOs နှင့် WROs များနှင့် အဓိပ္ပာယ်ပြည့်ဝသော ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ရမည်ဖြစ်သည်။ အမျိုးသမီးခေါင်းဆောင်များကို အသိအမှတ်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံပြီး ပူးပေါင်းဆောင်ရွက်ခြင်းများအားဖြင့် ၎င်းတို့၏ခေါင်းဆောင်မှုနှင့် အခန်းကဏ္ဍကို အားကောင်းလာစေရန်နှင့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်နိုင်မှု ဆိုင်ရာ အတားအဆီးများကို ဖြေရှင်းရန်အတွက် ပထမအဆင့်အနေဖြင့် လူသားခြင်း စာနာထောက်ထားမှု ကူညီမှုများတွင် WPS အစီအစဉ်ကို ကျယ်ပြန့်သော၊ အကျုံးဝင်သော၊ ဆုံချက်များကို သိမြင်သော နားလည်မှုမျိုးရှိရန် လိုအပ်ပါသည်။[61]

## လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ရယူအသုံးပြုရာတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှု နှင့် အခန်းကဏ္ဍ

WRO နှင့် WLO များသည် လူမှုအသိုက်အဝန်းအပေါ် ယုံကြည်မှုတည်ဆောက်ရန်နှင့် လိုအပ်နေသူများကို လက်လှမ်းမီရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၎င်းတို့၏ ရပ်ရွာအကြောင်း သိရှိနားလည်မှုနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို တိကျသော နားလည်သဘောပေါက်မှုသည် WRO နှင့် WLO များကို ၎င်းတို့၏ရပ်ရွာများရှိ လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် အကောင်းဆုံးဆောင်ရွက်နိုင်သူ ကဏ္ဍသို့ ရောက်စေလေ့ရှိသည်။ အမျိုးသမီးများအား လူ့အဖွဲ့အစည်းတွင် တန်ဖိုးထား၍ တက်ကြွသော၊ လေးစားတန်ဖိုးထားသော ဆုံးဖြတ်ချက်ချသူများအဖြစ် ၎င်းတို့၏အသိုင်းအဝိုင်းမှ ပံ့ပိုးပေးသောအခါ၊ ကျယ်ပြန့်သောအသိုင်းအဝိုင်း၏ ခံနိုင်ရည်အား၊ အကျပ်အတည်းများမှ တုံ့ပြန်ရန်နှင့် ပြန်လည်ရယူရန် ပိုမိုအားကောင်းလာပါသည်။[62] သို့သော် WRO များသည် 'ပဋိပက္ခတွင် အမျိုးသမီးအခွင့်အရေး၏ မူလချန်ပီယံများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စည်းလုံးညီညွတ်မှုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှုကို အကျိုးပြုသည့် အကျပ်အတည်းများတွင် အရေးပါသော ပထမတုံ့ပြန်သူများ' ဖြစ်လင့်ကစား[63] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍများတွင် အမျိုးသမီးများ၏ ဦးဆောင်မှုမှာ ရေရှည်ရန်ပုံငွေ၊ အသိအမှတ်ပြုမှုနှင့် ပါဝင်နိုင်စေရေး ကြိုးပမ်းအားထုတ်မှုများ ကင်းမဲ့နေကြောင်း သုတေသနပြုချက်များအရ ရှင်းရှင်းလင်းလင်းသိရသည်။[64] လက်ဘနွန်နိုင်ငံမှ WRO ကိုယ်စားလှယ် တစ်ဦးအနေဖြင့် "ဖြစ်သင့်သည်မှာ သင်တို့အနေဖြင့် ဥပမာအားဖြင့် ကျန်းမာရေးကဏ္ဍအတွက် အစီအစဉ်တွေ သီးသန့်လုပ်တယ်၊ ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍအတွက် နောက်တစ်ခါ သီးသန့်လုပ်တယ်။ အဲဒါမျိုး ပိုင်းခြား လုပ်ဆောင်နေရန် မဟုတ်ဘဲ ထောက်ပံ့ကူညီ ဆောင်ရွက်မှုများသည် မတူညီသော ရှုထောင့်များကို ထည့်သွင်းစဉ်းစားသင့်ပြီး ကဏ္ဍပေါင်းစုံ ဖြစ်သင့်သည်။" ဟု ရှင်းပြသည်။

နိုင်ငံလေးခုလုံးရှိ ပါဝင်သူများမှ အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများပါဝင်သည့် ခေါင်းဆောင်မှု၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် ဘေးဖယ်ထားသောအသိုင်းအဝိုင်းများသို့ ဝင်ရောက်ခွင့်ရရှိခြင်း၏ အရေးကြီးအခန်းကဏ္ဍအများအကြောင်း ပြောဆိုခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပါဝင်သူတစ်ဦးက ''ရပ်ရွာအတွက် WRO က သူတို့အတွက် မျှော်လင့်ချက်တစ်ခုပါ။ သူတို့ရဲ့ လိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်ရင်တောင်မှ ဒီအမျိုးသမီးတွေရဲ့ ပြဿနာတွေကို အလေးအနက်ထားဆောင်ရွက်တဲ့ အဖွဲ့တစ်ခုရှိဖို့ ကောင်းပါတယ်" ဟု ဆိုသည်။ အလားတူပင် လက်ဘနွန်မှ ပါဝင်သူတစ်ဦးကလည်း "အမျိုးသမီးတွေရဲ့ လိုအပ်ချက်တွေကို ကျွန်မတို့လို အမျိုးသမီးအဖွဲ့များက သီးသန့်စဉ်းစားပါတယ်။ အမျိုးသမီးများ ဦးဆောင်ခြင်းမရှိသော အခြား

NGO များသည် ယင်းကို မည်သည့်အခါမျှ တွေးတောမည်မဟုတ်ပါ” ဟုဆိုသည်။ WRO နှင့် WLO များသည် Covid-19 ကပ်ရောဂါကာလ အတွင်းတွင် INGO များနှင့် အလှူရှင်များ ဝင်ရောက်ရန် အခက်အခဲများစွာရှိသည့်အခိုက် ကောင်းစွာ အစားထိုးနေရာယူကာ ၎င်းတို့၏ ရပ်ရွာအတွင်း ပထမဆုံး တုံ့ပြန်သူများအဖြစ် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် လိုအပ်ချက်များကို နားလည်ခြင်းများဖြင့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်စွမ်းဆောင် နိုင်ခဲ့ကြသည်။ ဆိုမာလီလန်မှ အမျိုးသမီးခေါင်းဆောင်တစ်ဦးက “Covid-19 ကြောင့် ဒေသတွင်းနဲ့ နိုင်ငံတော်အဆင့်မှာ ပိုမိုလှုပ်ရှားလာရတဲ့ အခ်ိဳ္ဗကယ်ဖြစ်ပါတယ် - Covid-19 ကြောင့် အခုဆို နိုင်ငံတကာအေဂျင်စီတွေ မတွေ့ရတာ နှစ်နှစ်နီးပါးရှိပြီဖြစ်ပြီး အခက်အခဲတွေ၊ မိုးခေါင်ရေရှားမှုတွေ ရှိနေပေမယ့် ကိုယ့်အလုပ်ကိုယ်တော့ ဆက်လုပ်နေကြဆဲပါ” ဟု ဆိုသည်။

## အမျိုးသမီးများ ပါဝင်မှု နှင့် ခေါင်းဆောင်မှုကဏ္ဍအတွက် အတားအဆီးများ

အကျပ်အတည်း တုံ့ပြန်မှုများအတွင်း အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် ပါဝင်မှု တိုးလာမှုကို ပါဝင်သူများက သတိပြုမိသော်လည်း ၎င်းတို့၏ ခေါင်းဆောင်မှုကို အသိအမှတ်ပြုမှု နည်းပါးခြင်းအပြင် အကျပ်အတည်း အပြင်ဘက်တွင် ရေရှည်ပါဝင်ရန် အခွင့်အလမ်းများ နည်းပါးခြင်းကိုလည်း အလေးပေးဖော်ပြကြသည်။ နိုင်ငံတဝှမ်းရှိ အခြေအနေအရပ်ရပ်တွင် ပါဝင်သူများသည် ဆုံးဖြတ်ချက်ချသည့် ရာထူးများနှင့် လုပ်ငန်းစဉ်အများစုတွင် အမျိုးသမီးများ မရှိခြင်းကြောင့် ၎င်းတို့၏လိုအပ်ချက်များကို လျစ်လျူရှုထားသည့် ဂျန်ဒါဆိုင်ရာ အသိအမြင်ကင်းသော/ ဂျန်ဒါကို ထည့်သွင်းဆောင်ရွက်မှု မရှိသော အစီအမံများ ဖြစ်ပေါ်စေကြောင်း အလေးပေး ထောက်ပြထားသည်။ ဆိုမာလီလန်တွင် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများသည် အမျိုးသမီးများအား ရာထူးမြင့်များ ကိုင်ဆောင်ခွင့်ကို တားမြစ်ထားသည့်အတွက် အစိုးရ၏ ဥပဒေပြုရေးမဏ္ဍိုင် သို့မဟုတ် တရားစီရင်ရေးမဏ္ဍိုင်တွင် အမျိုးသမီးလုံးဝမရှိဘဲ အုပ်ချုပ်ရေးမဏ္ဍိုင်တွင်သာ အမျိုးသမီး ကိုယ်စားပြုမှု နေရာအချို့ရှိသဖြင့် ယင်းက အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ် များစွာ သက်ရောက်မှုရှိနေကြောင်း မှတ်သားရပါသည်။ အမျိုးသမီးများသည် နိုင်ငံတော်နှင့် ဒေသန္တရအဆင့်တွင် တရားဝင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်သည့်နေရာများကို တစိုက်မတ်မတ် ဝင်ရောက်ခွင့် မရရှိနေကြောင်း မြန်မာနိုင်ငံမှ ပါဝင်သူများက မီးမောင်းထိုးပြသကဲ့သို့ လက်ဘနွန်မှ ပါဝင်သူတစ်ဦးက “ကျွန်ုပ်တို့အပေါ် သက်ရောက်မှုရှိတဲ့ ကိစ္စရပ်တွေမှာ ကျမတို့ ဆုံးဖြတ်တယ်လို့ ယေဘုယျအားဖြင့် ကျမတို့ မပြောနိုင်ပါဘူး” ဟု မှတ်ချက်ပေးခဲ့သည်။ လက်ဘနွန်မှ အခြားပါဝင်သူတစ်ဦးက “လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအခြေအနေနှင့် အရေးပေါ် အခြေအနေပြင်ပတွင် ကျွန်ုပ်တို့ပေးအပ်သည့် အခန်းကဏ္ဍအကြား ခြားနားမှုရှိကြောင်း” မှတ်ချက်ပေးခဲ့သည်။ မကြာခဏဆိုသလို တုံ့ပြန်ရန် အကောင်းဆုံးနေရာဖြစ်လင့်ကစား အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ဆုံးဖြတ်ချက်ချခြင်းနှင့် အစီအစဉ်ဆွဲခြင်း လုပ်ငန်းစဉ်များမှ မကြာခဏ ဘေးဖယ်ထားခြင်း သို့မဟုတ် ဖယ်ထုတ်ခြင်းခံရကြောင်း တွေ့ရှိချက်များက ဖော်ပြသည်။ ဟေတီတွင် ပါဝင်သူတစ်ဦးအနေဖြင့် အောက်ပါအတိုင်းမှတ်ချက် ပေးခဲ့သည်။

> “ရပ်ရွာ၏လိုအပ်ချက်များကို နားလည်သဘောပေါက်မှသာ မည်ကဲ့သို့ တုံ့ပြန်ရမည်ကို နားလည်နိုင်သည်၊ ၎င်းသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ကူညီရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်”



Photo: /ActionAid

လက်ဘနွန်နိုင်ငံ ဘေရု ပေါက်ကွဲမှုတွင် အက်ရှင်အေ့ဒ်မှ အရေးပေါ် တုံ့ပြန်မှုများ ပြုလုပ်နေပုံ၊ ဩဂုတ်လ (၂၀၂၀)

အစီပွာယ်ပြည့်ဝစွာပါဝင်ခြင်းအတွက် အတားအဆီးများစွာကို ပါဝင်သူများက ကိုးကားဖော်ပြခဲ့သည်။ အမျိုးသမီးအများစုသည် အချို့သောနေရာများနှင့် လုပ်ငန်းစဉ်များသို့ ၎င်းတို့၏ဝင်ရောက်ခွင့်ကို ဟန့်တားသည့် လူ့အဖွဲ့အစည်း စံနှုန်းများကို ပြောဆိုကြသည်။ မြန်မာနိုင်ငံမှ ပါဝင်သူတစ်ဦးက ‘လူမှုရေးဖိအားများ’ ဆိုသည်မှာ ‘အမျိုးသမီးများသည် လွတ်လပ်စွာ ဆုံးဖြတ်ချက်များ မချနိုင်’ ဟု အဓိပ္ပာယ်ရပြီး လက်ဘနွန်တွင် ပါဝင်သူတစ်ဦးက “ဓလေ့ထုံးတမ်းများသည် အမျိုးသမီးများကို ကန့်သတ်ချုပ်ချယ်ထားသည်” ဟု မှတ်ချက်ပေးခဲ့သည်။ အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချသည့် နေရာများသို့ အကန့်အသတ်ဖြင့် ပူးပေါင်းပါဝင်ခွင့် ရရှိသော်လည်း မြန်မာနိုင်ငံမှ ပါဝင်သူတစ်ဦးက “ပြဿနာမှာ ၎င်းတို့၏ ဆွေးနွေးမှုများကို ထည့်သွင်းစဉ်းစားခြင်းမပြုခြင်းဖြစ်သည်” ဟု ရှင်းပြခဲ့သည်။ အခြားပါဝင်သူတစ်ဦးက “အမျိုးသမီး ခေါင်းဆောင်မှုကို လူအနည်းငယ်သာ လက်ခံသည်” နှင့် “အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချနိုင်သော အခွင့်အာဏာ မရှိသည့်အပြင် အမျိုးသားများ၌မှာသာ ဤပါဝါရှိသည်” ဟုလည်း အသေးစိတ်ရှင်းပြခဲ့သည်။ အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများကိုလည်း ပါဝင်သူများက မီးမောင်းထိုးပြခဲ့သည်။ INGO များနှင့် အလှူရှင်များ တည်ထောင်ထားသည့် အစည်းအဝေးများတွင် လက်ဘနွန်ရှိ အမျိုးသမီးများက ၎င်းတို့မရှိသည့် စွမ်းရည်နှင့် ငွေကြေးအရင်းအမြစ်များ လိုအပ်ပြီး အစီပွာယ်ပြည့်ဝစွာ ပါဝင်နိုင်ရန် ၎င်းတို့ မပြောနိုင်သော ဘာသာစကားများ လိုအပ်ကြောင်း မှတ်ချက်ပေးခဲ့သည်။ ပါဝင်သူတစ်ဦးက “စွမ်းရည်တည်ဆောက်မှုမျိုး လိုအပ်ပြီး ၎င်းတို့အနေနဲ့မရနိုင်ပါ” ဟု ပြောဆိုခဲ့သော်လည်း အခြားတစ်ဦးက “ကျွန်ုပ်တို့သည် အင်္ဂလိပ်ဘာသာဖြင့် ဘာကြောင့် စကားပြောသင့်သနည်း” ဟု မေးခွန်းထုတ်ခဲ့သည်။

## ပဋိပက္ခများဖြေရှင်းရာတွင် အခြားနည်းလမ်းများ နှင့် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ၊ အမျိုးသမီး ဦးဆောင်သည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

မြေပြင်တွင် ပေါ်လွင်ထင်ရှားမှုများ မရှိခြင်း၊ အဓိကဆောင်ရွက်သူများအဖြစ် အသိအမှတ်ပြု မခံရခြင်းများ ရှိသော်လည်း WRO များသည် အရေးပေါ်တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ အကျပ်အတည်းများအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှု တိုးတက်လာမှုသည် WROs ၏ လိုက်လျောညီထွေရှိမှုနှင့် ၎င်းတို့၏ လက်ရှိကွန်ရက်များ မှတစ်ဆင့် ထိခိုက်လွယ်သောအသိုင်းအဝိုင်းများသို့ ဝင်ရောက်နိုင်မှုများ တစ်စိတ်တစ်ပိုင်း ပါဝင်သည်။ မြန်မာနိုင်ငံမှ ပါဝင်သူတစ်ဦးက “မူရင်းရည်မှန်းချက်များနှင့် လက်ရှိအခြေအနေများကြား ကွဲလွဲမှုများရှိနေပြီး ၎င်းတို့ကို ချိန်ညှိရန် လိုအပ်သည်” ဟု ရှင်းပြခဲ့ပြီး ဆိုမာလီလန်မှ အမျိုးသမီးတစ်ဦးကလည်း “ကျွန်ုပ်တို့သည် လိုက်လျောညီထွေရှိရန်၊ ကျွန်ုပ်တို့ ကူညီဆောင်ရွက်ပေးပါမည်” ဟု WROs ၏ သုတေသနပြုချက်မှ ရှင်းရှင်းလင်းလင်း သိရသည်။ သုံးပွင့်ဆိုင်မှုဘောင် တစ်လျှောက် လိုက်လျောညီထွေစွာ လုပ်ဆောင်နိုင်ပြီး လက်ရှိ အခြေအနေပေါ်မူတည်၍ မတူညီသော နယ်ပယ်များကို ဦးစားပေး လုပ်ဆောင်ကြရမည် ဖြစ်သည်။

### အရေးပေါ်အခြေအနေ မတိုင်မီ၊ အရေးပေါ်အခြေအနေ ကာလ နှင့် အရေးပေါ်အခြေအနေ ပြီးနောက် အမျိုးသမီးများ ဦးဆောင်သည့် တုံ့ပြန်ဆောင်ရွက်ချက် ဥပမာများ

